# ကြေးမုံ
The Mirror Daily

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်၊ စနေနေ့။ Saturday, 17 September 2022 ၁၀၈၆၁


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။ လောကဝင်(ဓမ္မပဒ-၁၇၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




လက်ပံတန်း-သာရဝေါ လော်ကယ်ရထားခရီးစဉ် စတင်ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

# လက်ပံတန်း-သာရဝေါ လော်ကယ်ရထားခရီးစဉ် စတင်ပြေးဆွဲ

**လက်ပံတန်း စက်တင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့တွင် မြန်မာ့မီးရထား တိုင်းအမှတ်(၆) လက်ပံတန်း-သာရဝေါ လော်ကယ်ရထား စတင်ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားကို သာရဝေါဘူတာ၌ ယနေ့နံနက် ၆ နာရီက ကျင်းပသည်။

သာရဝေါဘူတာမှ လက်ပံတန်းဘူတာသို့ ထွက်ခွာမည့် စက်ခေါင်းအမှတ် DF-1631 တွဲဆိုင်းအား တိုင်းအမှတ်(၆)-(ရန်ကုန်) တိုင်းတာဝန်ခံ ဦးယဉ်မင်းဦးနှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်း၍ နံနက် ၆ နာရီခွဲတွင် စတင်ထွက်ခွာခဲ့ပြီး လက်ပံတန်းဘူတာသို့ နံနက် ၈ နာရီတွင် ဆိုက်ရောက်ရာ လက်ပံတန်းဘူတာမှ မြန်မာ့မီးရထား အောက်မြန်မာပြည် (ရန်ကုန်) အထွေထွေမန်နေဂျာ ဦးနေမျိုးအေးနှင့်အဖွဲ့ဝင်များ၊ လက်ပံတန်းဘူတာ အထူးတန်းရုံပိုင်ကြီး ဦးရဲမင်းနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❂

**ယနေ့ ဖတ်စရာ**

**ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းကောင်းများ ပိုင်ဆိုင်ထားသည့် မြန်မာ**

ဆောင်းပါး စာမျက်နှာ ၆၊ ၇

**နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ(KNU/KNLA-PC)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး**

စာမျက်နှာ ၃

**အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာချက်**

စာမျက်နှာ ၅

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် စက်တင်ဘာ ၁၆

| | | | |
|---|---|---|---|
| ကျိုက်မရော | ၂ ဒသမ ၉၉ လက်မ | ရှမ်းရွာသစ် | ၂ ဒသမ ၃၆ လက်မ |
| မချမ်းဘော | ၂ ဒသမ ၈၇ လက်မ | ဝါးခယ်မ | ၂ ဒသမ ဝ၆ လက်မ |
| မိုးမိတ်(မြစ်ဆုံ) | ၂ ဒသမ ၃၆ လက်မ | ဖူး | ၁ ဒသမ ၈၁ လက်မ |
| လှိုင်လင် | ၂ ဒသမ ၃၆ လက်မ | ငပုတော | ၁ ဒသမ ၈၁ လက်မ |
| ဘားအံ | ၂ ဒသမ ၃၆ လက်မ | ကျောက်ဖြူ | ၁ ဒသမ ၇၃ လက်မ |
| | | ထားဝယ် | ၁ ဒသမ ၇၃ လက်မ |

**ကိုဗစ်-၁၉ ကပ်ရောဂါပိုးတွေ့ရှိမှု ပြန်လည်မြင့်တက်လာသဖြင့် ဝန်ထမ်းများ အနေဖြင့် ကျန်းမာရေး အထူးဂရုပြုရန် လိုအပ်**



စာမျက်နှာ ၈

ကြေးမုံ

# စားနပ်ရိက္ခာလောက်ငဖူလုံ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် စိုက်ပျိုးမြေ၊ စိုက်ပျိုးရေများ ဖူလုံအောင်ရှိသည်။ လူသားအရင်းအမြစ်များလည်း အလုံအလောက်ရှိသည်။ စိုက်ပျိုးမြေ ဟက်တာ ၁၃ သန်းကျော်တွင် စပါး၊ ပဲ၊ ပြောင်း၊ ကြံ၊ နှမ်း၊ ဝါ စသည်တို့ကို ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးနိုင်ခဲ့ပြီး ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် သာမက အပိုအလျှံများကို ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်သည်။

လက်ရှိတွင် နိုင်ငံခြားငွေကြေး တန်ဖိုးမြင့်တက်မှုကြောင့် ကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တက်ခြင်း၊ ရှားပါးခြင်းများဖြစ်ပေါ်နေသော်လည်း ပြည်တွင်းစားရေရိက္ခာအတွက်မူ စိုးရိမ်စရာကြီးကြီးမားမားမရှိပေ။ ပြင်ပတွင် စားသောက်ကုန်ဈေးနှုန်းများမြင့်မားလာသော်လည်း ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များကို သင့်တင့်သောဈေးနှုန်းများဖြင့် ပြည်သူများအနေဖြင့် ဝယ်ယူစားသုံးနိုင်ကြသည်။

လက်ရှိကာလတွင် ကမ္ဘာ့နိုင်ငံများအနေဖြင့် စားနပ်ရိက္ခာဖူလုံရေးအပေါ် စိုးရိမ်မှုများဖြင့် ပြဿနာဖြေရှင်းရေးကို ကြိုးပမ်းနေကြသည်။ လူဦးရေတိုးတက်လာမှု၊ စားနပ်ရိက္ခာလိုအပ်ချက် မြင့်တက်လာမှု၊ ဈေးနှုန်းများ ပြောင်းလဲလာမှု၊ စိုက်ပျိုးသီးနှံမျိုးစိတ်များ ရှားပါးလာမှု၊ ပျောက်ကွယ်သွားမှု၊ ရာသီဥတုပြောင်းလဲမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ထိခိုက်လာမှု၊ ရေနှင့်စိုက်ပျိုးမြေများ ရှားပါးလာမှု၊ အကြောင်းအမျိုးမျိုးကြောင့် စားနပ်ရိက္ခာပြုန်းတီးမှု၊ ဖြုန်းတီးမှု စသည့်အကြောင်းတရားများကိုရှာဖွေပြီး စားနပ်ရိက္ခာပြဿနာ ဖြေရှင်းနိုင်ရေးကို ကြိုးပမ်းအားထုတ်နေကြသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်း၌ စားနပ်ရိက္ခာပေါ်များရေးကို အနာဂတ်ကာလအတွက်ပါ စိုးရိမ်ဖွယ်ရာမရှိဘဲ ကြိုးပမ်းဆောင်ရွက်နိုင်သော်လည်း စိုက်ပျိုးရေးကဏ္ဍအတွက် စက်သုံးဆီနှင့်ဓာတ်မြေဩဇာ လိုအပ်ချက်များရှိနေသည်။ စက်သုံးဆီနှင့်ဓာတ်မြေဩဇာကို ပြည်ပမှနှစ်စဉ်တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေ ကုန်ကျမှုရှိနေသည်။ ဓာတ်မြေဩဇာကို ပြည်တွင်း၌ထုတ်လုပ်နိုင်သော်လည်း ကြီးမားကျယ်ပြန့်သည့် မြန်မာနိုင်ငံ၏ စိုက်ပျိုးမြေကေများအတွက် လိုအပ်သောဓာတ်မြေဩဇာများကို ပြည်ပမှနှစ်စဉ်တင်သွင်းနေရသည်။ နိုင်ငံတော်၏ ဓာတ်မြေဩဇာစက်ရုံများမှ ကုန်ထုတ်လုပ်မှုကို တိုးတက်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ပြီး ပုဂ္ဂလိကကဏ္ဍကပါ တိုးတက်ဆောင်ရွက်နိုင်လျှင် စိုက်ပျိုးရေးကဏ္ဍအတွက် အဆင်ပြေမည်ဖြစ်သည်။

မကြာမီက ကျင်းပခဲ့သည့် (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် မျက်နှာစုံညီအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တက်ရောက်ပြီး ဆွေးနွေးပြောကြားရာ၌ "ရိက္ခာထုတ်လုပ်ရန်အတွက် မျိုးကောင်းမျိုးသန့်၊ မြေဩဇာ၊ စိုက်ပျိုးရေ၊ စိုက်ပျိုးနည်းစနစ်များ ပြည့်စုံကောင်းမွန်ရန်လိုအပ်ပြီး အဓိကမှာ အပင်အတွက် မြေဩဇာနှင့် ထွန်ယက်စိုက်ပျိုးရန်အတွက် ဒီဇယ်ဆီလည်း လိုအပ်ပါကြောင်း၊ ထို့ကြောင့် မိတ်ဆွေနိုင်ငံများက ကူညီဖြည့်တင်းပေးနိုင်မည်ဆိုပါက စိုက်ပျိုးထုတ်လုပ်မှုအား ယခုထက်နှစ်ဆခန့် တိုးမြှင့်နိုင်မည်ဖြစ်ပြီး စားနပ်ရိက္ခာလုံခြုံမှု (Food Security) အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။ နိုင်ငံတော်အကြီးအကဲက တိုင်းပြည်စားနပ်ရိက္ခာဖူလုံပေါ်များရေး၊ စိုက်ပျိုးသူတောင်သူများ အဆင်ပြေစေရေး၊ ကမ္ဘာ့စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံသည် အခြေခံစားနပ်ရိက္ခာထုတ်လုပ်သည့် ပင်မနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိသည်။ ခေတ်အဆက်ဆက်ကပင် ပြည်တွင်း၌ စားနပ်ရိက္ခာ လောက်ငဖူလုံသည့်အပြင် ပိုလျှံသောစိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည်။ မျက်မှောက်ကာလ၌ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများစုတွင် စားနပ်ရိက္ခာအတွက် စိန်ခေါ်မှုများကြုံတွေ့နေရသည့်ကာလ၌ မြန်မာနိုင်ငံအနေဖြင့်ပြည်တွင်းစားနပ်ရိက္ခာ လောက်ငဖူလုံအောင် ကြိုးပမ်းဆောင်ရွက်နိုင်သည် သာမက ကမ္ဘာ့နိုင်ငံများ၏ စားနပ်ရိက္ခာလိုအပ်ချက်များကို တတ်နိုင်သမျှဖြည့်ဆည်းနိုင်ရေးပါ ကြိုးပမ်းဆောင်ရွက်နေသည်ကို မြင်တွေ့ရသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုများကို တိုးတက်ထုတ်လုပ်နိုင်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စားနပ်ရိက္ခာဖူလုံပိုလျှံရေးနှင့်တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို မျက်ခြည်မပြတ် အလေးထားဆောင်ရွက်လျက်ရှိရာ လက်ရှိကာလတွင် နိုင်ငံတော်အကြီးအကဲ၏ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအားထုတ်မှုများမှာ အလားအလာကောင်းများ ရရှိလာပြီဖြစ်၍ အနာဂတ်တွင် စားနပ်ရိက္ခာဖူလုံပိုလျှံသည့် ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။ ။




## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၁၆

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းကန်ဦးကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဃောသိတာရာမကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ စိန်မမပါဠိတက္ကသိုလ်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ အနန္တဂုဏ်ရည်ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ရွှေညောင်ပင်ပရိယတ္တိစာသင်တိုက်၊ ရန်ကင်းမြို့နယ်ရှိ ပဋ္ဌာန်ကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ ခေမာသိဒ္ဓိမင်းကျောင်းတိုက်နှင့် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်ရှိ ဥက္ကံသာရာမ ရွှေကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ကျိုက်ဇမ္ဗူကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ဝေယံဘုံမြင့်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ သာသနာ့ဇောတိကာရုံ ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မြနန္ဒာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ဇောတနာရာမကျောင်းတိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ရှမ်းပိဋကတ်၊ စဝ်စံထွန်းကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအား တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၆–၉–၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၉,၄၀၀ | ၂၀၃ | ၁,၉၀၆,၇၀၀ |
| MTSH | ၃,၁၅၀ | ၃,၂၅၀ | ၄,၁၈၅ | ၁၃,၂၉၀,၇၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၆ | ၄၆,၈၀၀ |
| FPB | ၂၀,၅၀၀ | ၂၀,၅၀၀ | ၈၁ | ၁,၆၆၀,၅၀၀ |
| TMH | ၂,၇၀၀ | ၂,၈၀၀ | ၄,၈၀၄ | ၁၃,၄၅၁,၁၀၀ |
| EFR | ၂,၆၅၀ | ၂,၆၅၀ | ၂၇ | ၇၁,၅၅၀ |
| AMATA | ၅,၅၀၀ | ၅,၅၀၀ | ၂၆၅ | ၁,၄၅၇,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၁၆

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၉၅.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၉၉.၅၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၆.၉၁၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၃.၀၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၆.၃၃၆ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၀၂.၈ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၉၀.၂ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၆၆.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၁.၀၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | – ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | – ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | – ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | – ဦးနိုင်လင်းကြည်၊ | စာပြင် | – ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | – ဦးစည်သူလွင်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁

ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂

မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး / ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU / KNLA-PC)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA)ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့တွေ့ဆုံဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၁၆**

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ(KNU/KNLA-PC)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်နှင့် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA)စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီး၊ စစ်ရေးချုပ်အဆင့်ရှိ စောစိန်ဝင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ အထွေထွေအတွင်းရေးမှူးချုပ် စောကျော်ညွန့်တို့ တက်ရောက်ကြသည်။

ဒုတိယနေ့ဆွေးနွေးပွဲတွင် ပထမနေ့ ဆွေးနွေးချက်များအပေါ် နှစ်ဖက်သဘောထားများအား ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)၊ (၂)နှင့် (၃)တို့ပါ သဘောတူညီချက်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ တည်ဆဲဥပဒေများနှင့် ကိုက်ညီမှု ရှိ/မရှိ လေ့လာစိစစ်ချက်များနှင့်ပတ်သက်၍ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က တစ်ချက်ချင်းအလိုက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက မိမိတို့၏ သဘောထားများ၊ လိုလားချက်များကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ရပ်နားခဲ့သည်။ တတိယနေ့ဆွေးနွေးပွဲကို စက်တင်ဘာ ၁၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၉)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုပွဲတော်ဖွင့်ပွဲ ကျင်းပ




**နေပြည်တော် စက်တင်ဘာ ၁၆**

(၁၉)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုပွဲတော်ဖွင့်ပွဲ အခမ်းအနားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့ရှိ Nanning International Exhibition and Convention Center ၌ ယနေ့တွင် Hybrid စနစ်ဖြင့် ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ဗီဒီယိုအမှာစကား ပေးပို့ပြောကြားသည်။

**ပေးပို့ပြောကြား**

ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာဟန်ကျန့်၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအုပ်ချုပ်ရေးမှူး၊ တရုတ်နိုင်ငံအခြေစိုက် အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၊ ကောင်စစ်ဝန်ချုပ်များနှင့် အာဆီယံ-တရုတ် ကုန်သည်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ပြီး အာဆီယံနိုင်ငံများမှ အစိုးရအကြီးအကဲများ၊ ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ကလည်း ဗီဒီယိုအမှာစကားများ ပေးပို့ပြောကြားခဲ့သည်။

ယခုပြုလုပ်သည့် (၁၉)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် မြန်မာအမျိုးသားပြခန်းဆောင်နှင့် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP)နိုင်ငံများ ပြခန်းဇရိယာတွင် မြန်မာနိုင်ငံကိုယ်စားပြုပြခန်းများ ပါဝင်ပြသလျက်ရှိသည့်အပြင် မြန်မာ့ပို့ကုန်ပစ္စည်းများ တိုးမြှင့်တင်ပို့နိုင်ရန်အတွက် ကုန်စည်ပြခန်းဆောင်တွင် ကျောက်မျက်ရတနာများ၊ သစ်သားပရိဘောဂများ၊ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများစသည့် ကုန်စည်ပြခန်းများကို ပြခန်း ၃၀ ပါဝင်ပြသလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❂ ရွှေဖုံးမှ

အဆိုပါ လက်ပံတန်း-သာရဝေါ လော်ကယ်ရထားခရီးစဉ်ကို စက်တင်ဘာ ၁၆ ရက်မှစတင်၍ တစ်ပတ်လျှင် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် သာရဝေါဘူတာမှ နံနက် ၆ နာရီခွဲတွင် ထွက်ခွာ၍ လက်ပံတန်းဘူတာသို့ ၈ နာရီခွဲတွင် ရောက်ရှိမည့် အမှတ်(၁၉၆)အစုန်ခရီးစဉ်နှင့် လက်ပံတန်းဘူတာမှ မွန်းလွဲ ၂ နာရီခွဲတွင် ထွက်ခွာပြီး သာရဝေါဘူတာသို့ ညနေ ၅ နာရီတွင် ရောက်ရှိမည့် အမှတ်(၁၉၅)အဆန်ခရီးစဉ်ကို လမ်းခရီးတွင် ညောင်ဝိုင်း၊ ကျောက်အိုင်၊ စည်ပင်သာယာ၊ ခမုံဆိပ်၊ မြစ်မခ၊ သံဖြူရုံ၊ ကညင်တို၊ ဇီးဖြူကုန်း၊ ဇီးဖြူကုန်းရွာမ ကိုးဘူတာ ထွက်ခွာပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားလက်ပံတန်းဘူတာရုံပိုင်ကြီးထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့အကြီးအကဲ Mr. Dragan Aleksoski နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၁၆**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့အကြီးအကဲ Mr. Dragan Aleksoski နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းလုပ်သားများနှင့် နယ်စပ်ဝင်ထွက်ဂိတ်များတွင် ဝင်ထွက်သွားလာနေသည့် ရွှေ့ပြောင်းလုပ်သားများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံနိုင်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ နယ်စပ်ဒေသများမှ ပြန်လည်ဝင်ရောက်လာသည့် ရွှေ့ပြောင်းလုပ်သားများအတွက် တီဘီနှင့် ငှက်ဖျားရောဂါကဲ့သို့သော ကူးစက်ရောဂါများ ကာကွယ်ကုသရေးနှင့် မိခင်နှင့်ကလေးကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် လူကုန်ကူးခံရသောအမျိုးသမီးများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပုဂ္ဂိုလ်ရေးအချက်အလက်များနှင့် အရေးကြီးသည့်အချက်အလက်များ ကာကွယ်ရေးသည် အရေးကြီးသည့်အကြောင်းအရာ တစ်ခုဖြစ်

**နေပြည်တော် စက်တင်ဘာ ၁၆**

ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်လာသည်နှင့်အမျှ နိုင်ငံသားများနှင့် ၎င်းတို့၏ အကျိုးစီးပွားကို အကာအကွယ်ပေးရန် အရေးကြီးကြောင်း ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးတင်အောင်စန်းက ပြောကြားသည်။




တရုတ်ပြည်သူ့သမ္မတနိုင်ငံ Cyberspace Administration ၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်၊ စက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရတို့ ပူးပေါင်းကျင်းပသည့် $5^{th}$ China– ASEAN Information Harbor Forum သို့ပေးပို့သည့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးတင်အောင်စန်း၏ ဗီဒီယို မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ဆိုရှယ် မီဒီယာပလက်ဖောင်းများပေါ်ရှိ မဟုတ်မမှန်သော သတင်းနှင့် အမုန်းစကားများ၊ ဆိုက်ဘာတိုက်ခိုက်မှုများနှင့် ဆိုက်ဘာလိမ်လည်မှုများသည် ပိုမိုများပြားလာကြောင်း၊ ဖိုရမ်တွင် ၎င်းအခက်အခဲများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ဆွေးနွေးကြရန် မျှော်လင့်ပါကြောင်း၊ ပုဂ္ဂိုလ်ရေးအချက်အလက်များနှင့် အရေးကြီးသည့် အချက်အလက်များ ကာကွယ်ရေး ကိစ္စရပ်သည်လည်း ဤဖိုရမ်တွင် ဆွေးနွေးသင့်သော အရေးကြီးသည့် အကြောင်းအရာတစ်ခု ဖြစ်ပါကြောင်းနှင့် အရေးပါသည့် အခြေခံအဆောက်အအုံ ကာကွယ်ခြင်းတွင်လည်း ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား သတင်းအချက်အလက်များကို မျှဝေဖလှယ်နိုင်ပြီး ဒစ်ဂျစ်တယ်စီးပွားရေး၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းနှင့် cyberspace စသည့် အမျိုးမျိုးသော နယ်ပယ်များတွင် ပိုမိုနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေနိုင်သည့် အရေးကြီးသော နေရာတစ်ခုဖြစ်လာကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာနှင့် ဝန်ဆောင်မှုများသည် နယ်နိမိတ်ကန့်သတ်ချက်မရှိသော သဘောသဘာဝရှိသည့်အတွက် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်း အကျိုးကျေးဇူးများကို အမြင့်ဆုံးရရှိခံစားနိုင်ရန်နှင့် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် ပူးပေါင်းလုပ်ဆောင်ကြရန် လိုအပ်ပါကြောင်း၊ “ဒစ်ဂျစ်တယ်ပိုးလမ်းမအား ပူးပေါင်းတည်ဆောက်ခြင်းဖြင့် မျှဝေခံစားနိုင်မည့် ဒစ်ဂျစ်တယ် အနာဂတ်ဆီသို့” ဟူသည့် ယခုနှစ် ဖိုရမ်၏ ဆောင်ပုဒ်သည် ယနေ့အခြေအနေများနှင့်လည်း ကိုက်ညီမှုရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးနှင့် အိုင်စီတီကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး အာဆီယံနှင့် မြန်မာနိုင်ငံအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပံ့ပိုးကူညီမှုများအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား တရုတ်ပြည်သူ့သမ္မတနိုင်ငံအား ကျေးဇူးတင်ရှိပါကြောင်းနှင့် အနာဂတ်တွင်လည်း ပိုမိုခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုကို မျှော်လင့်ပါကြောင်းထည့်သွင်းပြောကြားခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍတွင် အာဆီယံနိုင်ငံများနှင့် အတူ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ အတွေးအမြင်များ ပိုမိုဖလှယ်နိုင်ရေးနှင့် နှစ်ဦးနှစ်ဖက် မိတ်ဖက်ဆက်ဆံရေးကို ချဲ့ထွင်နိုင်ရေးတို့အတွက် ပထမအကြိမ် China– ASEAN Information Harbor Forum ကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း၊ ဒုတိယအကြိမ်ကို ၂၀၁၆ ခုနှစ်တွင်လည်းကောင်း၊ တတိယအကြိမ်ကို ၂၀၁၈ ခုနှစ်တွင် လည်းကောင်း၊ စတုတ္ထအကြိမ်ကို ၂၀၂၀ ပြည့်နှစ်တွင်လည်းကောင်း ကျင်းပခဲ့ကြောင်းနှင့် အဆိုပါဖိုရမ်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ကော်မရှင်များမှ ဝန်ကြီးအဆင့် ပုဂ္ဂိုလ်များ၊ ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍတွင် ထင်ရှားကျော်ကြားသည့် ပညာရှင်များနှင့် ကျွမ်းကျင်သူများ တက်ရောက်ခဲ့ကြပြီး အာဆီယံနိုင်ငံများမှဝန်ကြီးအဆင့် ပုဂ္ဂိုလ်များက ဗီဒီယိုမိန့်ခွန်းများ ပေးပို့ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



(၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲမှုအောက်ရှိ လောက်ကိုင်မြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းကိုဦး ဦးစီး၍ ရဲစခန်းမှူးများနှင့်တပ်ဖွဲ့ဝင်များ၊ ကိုးကန့်ဒေသ ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်များက ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ဆီအောကျေးရွာ ဆီအောနဂါးလိုဏ်ဂူဘုန်းတော်ကြီးကျောင်း၌ ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ကြစဉ်။

(ရဲပြန်ကြား)



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက သန်လျင်မြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် စက်တင်ဘာ ၁၄ ရက်က သွေးလှူဒါန်းရာ သန်လျင်ခရိုင်ရဲတပ်ဖွဲ့မှူး(ယာယီ)ဒုတိယရဲမှူးကြီး ဆန်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးသောင်းဒန်နှင့်ဆေးရုံအုပ်ကြီး ဒေါက်တာချို့ချို့လွင်တို့က ကြည့်ရှုအားပေးပြီး အားဖြည့်ဆေးဝါးများနှင့် အစားအသောက်များကို ပေးအပ်စဉ်။

တင်ဝင်းတင်

# နိုင်ငံတော်၏စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်နိုင်ရေးကြိုးပမ်းလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၆**

အကြိမ်(၄၀)မြောက် အာဆီယံ စွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ($40^{th}$ ASEAN Ministers on Energy Meeting (AMEM) and Associated Meetings) ဒုတိယနေ့အဖြစ် (၁၆)ကြိမ်မြောက် အရှေ့အာရှနိုင်ငံများ၏ စွမ်းအင်ဝန်ကြီးများ အစည်းအဝေး ($16^{th}$ East Asia Summit Energy Ministers Meeting – EAS–EMM) နှင့် (၁၉) ကြိမ်မြောက် အာဆီယံနှင့်ဆွေးနွေးဖက် ၃ နိုင်ငံ (ဂျပန်၊ ကိုရီးယား၊တရုတ်) စွမ်းအင်ဝန်ကြီးများအစည်းအဝေး ($19^{th}$ AMEM+3) တို့ကို ယနေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ဆက်လက်ကျင်းပခဲ့ရာ အဆိုပါအစည်းအဝေးများသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးနှင့်အတူဒုတိယဝန်ကြီး ဦးသန့်စင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် အာဆီယံဒေသတွင်း စွမ်းအင်လုံခြုံရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ဆိုင်ရာနည်းပညာနှင့် အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေး၊ သန့်စင်သောစွမ်းအင်နှင့် ပြန်ပြည့်မြဲ စွမ်းအင်အရင်းအမြစ်များသုံးစွဲနိုင်ရေး၊ စွမ်းအင်ဈေးကွက်တည်ငြိမ်မှုရှိရေး၊ ကာဗွန်ဖမ်းယူအသုံးချမှုနည်းပညာ (Carbon Capture, Utilization and Storage (CCUS) Technical) ဖွံ့ဖြိုးတိုးတက်ရေး၊ ဟိုက်ဒရိုဂျင်နှင့် အမိုးနီးယားစွမ်းအင်နည်းပညာဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဒေသတွင်း စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အာဆီယံနှင့် အရှေ့အာရှနိုင်ငံများအကြား၊ အာဆီယံနှင့် ဂျပန်၊ ကိုရီးယား၊ တရုတ်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေး အစီအမံများ၊ မူဝါဒနှင့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ အနာဂတ်စွမ်းအင်ကဏ္ဍတွင် သဘာဝဓာတ်ငွေ့သည် အရေးကြီးပါကြောင်း၊ နိုင်ငံတော်၏စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ပြည်တွင်း ကုန်းတွင်း၊ ကမ်းလွန်လုပ်ကွက်များမှ ရေနံနှင့် သဘာဝဓာတ်ငွေ့တိုးမြှင့် ထုတ်လုပ်နိုင်ရေးကြိုးပမ်းလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဧရိယာတစ်ခုချင်းစီ၏ ရည်မှန်းချက်များပြည့်မီစေရေး အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍအနေဖြင့် မဟာဓာတ်အားလိုင်းနှင့် ဝေးကွာသည့်ကျေးလက်ဒေသများတွင် အသေးစားရေအားလျှပ်စစ်၊ လေအားလျှပ်စစ်၊ ဆိုလာစသည့်ပြန်ပြည့်မြဲအရင်းအမြစ်များမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲရန်စီမံဆောင်ရွက်နေပါကြောင်း၊ စွမ်းအင်အကျိုးရှိထိရောက်စွာအသုံးချရေးနှင့် စွမ်းအင်ချွေတာရေး၊ ပြန်ပြည့်မြဲစွမ်းအင်အရင်းအမြစ်များပိုမိုတိုးမြှင့်သုံးစွဲရေးနှင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးတို့အတွက်လည်း မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကာဗွန်ဖမ်းယူအသုံးချမှု နည်းပညာ၊ ဟိုက်ဒရိုဂျင်၊ အမိုးနီးယားစွမ်းအင်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံ၏ဆွေးနွေးဖက်နိုင်ငံများ၊ နိုင်ငံတကာစွမ်းအင်ဆိုင်ရာ အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်းဆွေးနွေးပြောကြားသည်။

အကြိမ်(၄၀)မြောက် အာဆီယံ စွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ ဒုတိယနေ့ အစည်းအဝေးများအတွင်း (၁၆) ကြိမ်မြောက် အရှေ့အာရှနိုင်ငံများ၏ စွမ်းအင်ဝန်ကြီးများအစည်းအဝေး၏ ပူးတွဲကြေညာစာတမ်း “The Joint Ministerial Statement (JMS) of $16^{th}$ EAS–EMM” နှင့် (၁၉) ကြိမ်မြောက် အာဆီယံနှင့် ဆွေးနွေးဖက် ၃ နိုင်ငံ စွမ်းအင်ဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာစာတမ်း “The Joint Ministerial Statement (JMS) of $19^{th}$ AMEM+3” များကို ထုတ်ပြန်ခဲ့ကြကြောင်း၊ (၄၁)ကြိမ်မြောက်အာဆီယံ စွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အင်ဒိုနီးရှားနိုင်ငံမှ အလှည့်ကျဥက္ကဋ္ဌအဖြစ် ၂၀၂၃ ခုနှစ်တွင် လက်ခံကျင်းပသွားမည် ဖြစ်ကြောင်းသိရသည်။ **သတင်းစဉ်**

# အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာချက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လုံခြုံ၍စွမ်းရည်ပြည့်ဝသော အမျိုးသားငွေပေးချေမှု စနစ်တစ်ရပ် ပေါ်ပေါက်လာစေရန် ဆောင်ရွက်လျက်ရှိရာ နည်းပညာများ တိုးတက်လာသည်နှင့်အမျှ မိုဘိုင်းငွေပေးချေမှုများမှတစ်ဆင့် ငွေကြေးလွှဲပြောင်းဝန်ဆောင်မှုလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ကြပြီဖြစ်ပါသည်။

သို့ရာတွင် မသမာသူများမှ အချက်အလက်များ မှန်ကန်စွာ ဖြည့်စွက်ခြင်းမရှိဘဲ မိုဘိုင်း ငွေပေးချေမှုအချို့အား အသုံးချ၍ မသမာသည့်နည်းလမ်းဖြင့် တရားမဝင် ငွေလွှဲပြောင်းမှုများနှင့် ငွေကြေးလိမ်လည်မှုများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထိုသို့ ငွေကြေးလိမ်လည်မှုများကြောင့် အများပြည်သူများ၏ နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် ဆက်သွယ်ဆောင်ရွက်သူများ အနေဖြင့် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များအား မှန်ကန်ပြည့်စုံစွာ ဖြည့်သွင်းထားမှသာလျှင် ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထို့အပြင် နယ်စပ်ဖြတ်ကျော် ငွေပေးချေမှုများ ဆောင်ရွက်ရာတွင်လည်း ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါသည်။

ထို့အပြင် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ဆောင်ရွက်ရသည့် အီလက်ထရွန်နစ်စနစ်ဖြင့် ဆက်သွယ်ဆောင်ရွက်သူများအား ကောင်းစွာသိရှိခြင်း (Electronic – Know Your Customer (e–KYC)) လုပ်ငန်းစဉ်အား နိုင်ငံတကာစံနှုန်းများနှင့်အညီ မိုဘိုင်းငွေကြေး စာရင်းများတွင် ဖြည့်စွက်ထားသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ဆင်းမ်ကတ် နံပါတ်တို့အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အီလက်ထရွန်နစ် မှတ်ပုံတင်ခြင်း ဒေတာဘေ့စ် (e–ID Database) နှင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဆင်းမ်ကတ်မှတ်ပုံတင်ခြင်း ဒေတာဘေ့စ် (SIM Registration Database) များရှိ အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့် အသုံးပြုသူများ အနေဖြင့် ဆက်သွယ်ဆောင်ရွက်သူများအား ကောင်းစွာသိရှိခြင်း (KYC) အချက်အလက်များ ပြည့်စုံစွာဖြည့်စွက်သွားရန် လိုအပ်ပါသည်။ အချက်အလက်ဖြည့်သွင်းခြင်းအား သတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်ခြင်းမရှိသည့် မိုဘိုင်းငွေကြေးစာရင်းများအား အပြီးတိုင် ပိတ်သိမ်းသွားမည်ဖြစ်ပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တရားဝင်ခွင့်ပြုချက်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ဘဏ်ဦးဆောင်မှုပုံစံဖြင့် ဆောင်ရွက်လျက်ရှိသည့် မိုဘိုင်းပေးဝန်ဆောင်မှုလုပ်ငန်းများ၊ မိုဘိုင်းဘဏ်လုပ်ငန်းဆောင်ရွက်ခွင့် ရရှိထားသောဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ရောင်းချသူကိုယ်စားငွေကောက်ခံရှင်းလင်းသည့်စနစ်ဝန်ဆောင်မှုလုပ်ငန်းစသည့် မိုဘိုင်းငွေပေးချေမှု အသုံးပြုသူများအနေဖြင့် နီးစပ်ရာကိုယ်စားလှယ် (Agent) များ/ ဘဏ်များသို့ သွားရောက်၍ မိမိတို့၏ ကိုယ်ရေးအချက်အလက်များအားအဆင့် ၂ (Level 2) အဆင့်သို့ အချိန်မီမြှင့်တင်ရန် လိုအပ်ကြောင်းနှင့် အဆင့် ၂ (Level 2)သို့ တိုးမြှင့်လိုခြင်းမရှိသော မိုဘိုင်းငွေကြေးစာရင်းပိုင်ရှင်များအနေဖြင့် မိမိတို့လက်ကျန်ငွေများအား အသုံးပြုနိုင်မည့် နည်းလမ်းများကို ဘဏ်များ၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်သွယ်ဆောင်ရွက်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(၁၆–၉–၂၀၂၂)

## (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပစဉ် လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်ထားရှိ



**နေပြည်တော် စက်တင်ဘာ ၁၆**

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပစဉ်ကာလအတွင်း လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ထားရှိမှုကို ယနေ့ မွန်းလွဲပိုင်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ်တာဝန်ရှိသူများက လျှပ်စစ်ဓာတ်အား ပြည့်ဝစွာစဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်ဓာတ်အားလုံလောက်စွာဖြင့် ဓာတ်အားစဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ ကြံ့ခိုင်ကောင်းမွန်စေရေး လိုအပ်သည်များကြိုတင်စီမံဆောင်ရွက်သွားရန်၊ အရေးပေါ် ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်ပါက လျင်မြန်စွာ ဓာတ်အားပြန်လည်ရရှိရေးအတွက် အရန်မီးစက်များထားရှိရန်၊ အရန်ဓာတ်အားလိုင်းများနှင့် ချိတ်ဆက်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်သွားရန်နှင့် ဝန်ထမ်းများကို မိမိတို့ဆောင်ရွက်ရမည့်တာဝန်များကို စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် စီမံချက်များရေးဆွဲ၍ တာဝန်ခွဲဝေသတ်မှတ်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့-အပြည်ပြည်ဆိုင်ရာ စာရင်းရှင်းလင်းရေးဘဏ်တို့၏အဆင့်မြင့်အရာရှိများဆွေးနွေးပွဲနှင့် (၂၁) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများအစည်းအဝေးများ ကျင်းပ







**နေပြည်တော် စက်တင်ဘာ ၁၆**

အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ (The South East Asian Central Banks–SEACEN Centre)၊ အပြည်ပြည်ဆိုင်ရာ စာရင်းရှင်းလင်းရေးဘဏ် (Bank for International Settlements–BIS)နှင့် ဗီယက်နမ်နိုင်ငံဗဟိုဘဏ်တို့မှ ကြီးမှူး၍ Hybrid Format (in person နှင့် virtual) ဖြင့် ကျင်းပသည့် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့– အပြည်ပြည်ဆိုင်ရာ စာရင်းရှင်းလင်းရေးဘဏ်တို့၏ အဆင့်မြင့်အရာရှိများ ဆွေးနွေးပွဲ (SEACEN–BIS High Level Seminar)ကို ယမန်နေ့ နံနက် ၉ နာရီတွင်လည်းကောင်း၊ (၂၁) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ အစည်းအဝေး ($21^{st}$ SEACEN Executive Committee –EXCO Meeting) ကို ယနေ့ နံနက် ၈ နာရီ ၁၅ မိနစ်တွင် လည်းကောင်း ကျင်းပသည်။

ဆွေးနွေးပွဲနှင့် အစည်းအဝေးများသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင် တက်ရောက်သည်။

ယမန်နေ့က ကျင်းပသည့် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့–အပြည်ပြည်ဆိုင်ရာစာရင်းရှင်းလင်းရေးဘဏ်တို့၏ အဆင့်မြင့် အရာရှိများဆွေးနွေးပွဲ (SEACEN–BIS High Level Seminar)တွင် ဗီယက်နမ်နိုင်ငံဗဟိုဘဏ်၏ ဒုတိယဥက္ကဋ္ဌ Mr. Pham Thanh Ha ၊ SEACEN Centre ၏ အမှုဆောင်ဒါရိုက်တာဖြစ်သူ Dr. Mangal Goswami နှင့် အပြည်ပြည်ဆိုင်ရာ စာရင်းရှင်းလင်းရေးဘဏ်၏ Chief Representative ဖြစ်သူ Mr. Tao Zhang တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများပြောကြားကြသည်။

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ရာ "Current Inflation Challenges facing the Global Economy including Emerging and Frontier Markets" ခေါင်းစဉ်နှင့်စပ်လျဉ်း၍ Stanford University မှ စီးပွားရေးဌာန၏ ပါမောက္ခ Mr. John Taylor ၊ ကမ္ဘာ့ဘဏ်မှ စီးပွားရေးဆိုင်ရာအမှုဆောင်အရာရှိချုပ် Mr. M. Ayhan Kose၊ Total Portfolio Management, GIC Pte Ltd မှ စီးပွားရေးဆိုင်ရာ ပညာရှင် Mr. Prakash Kannan၊ အင်ဒိုနီးရှားနိုင်ငံဗဟိုဘဏ်၏ ဒုတိယဥက္ကဋ္ဌ Mr. Dody Budi Waluyo နှင့် ဗီယက်နမ် နိုင်ငံဗဟိုဘဏ်၏ ဒုတိယဥက္ကဋ္ဌ Mr. Pham Thanh Ha တို့က ဆွေးနွေးပြောကြားကြပြီး Hoover Institution မှ Visiting Fellow ဖြစ်သူ Mr. Andrew Filardo က Moderator အဖြစ် ဆောင်ရွက်သည်။

ထို့နောက် "Macro–Financial Stability Frameworks for EMEs" ခေါင်းစဉ်နှင့်စပ်လျဉ်း၍ BIS ၏ Deputy General Manager ဖြစ်သူ Mr. Luiz Pereira da Silva မှ Keynote Address ပြောကြားပါသည်။ ၎င်းနောက် "Macro–Financial Stability Frameworks in Asian EMEs" ခေါင်းစဉ်နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ စာရင်းရှင်းလင်းရေးဘဏ်မှ အာရှပစိဖိတ်ဒေသအတွက် စီးပွားရေးနှင့် ငွေရေးကြေးရေးဈေးကွက်၏ အကြီးအမှူး Mr. Ilhyock Shim ကလည်းကောင်း၊ "The SEACEN Perspective on Challenges and Options in Managing Capital Flows for Small, Open and Financially Integrated Economies" ခေါင်းစဉ်နှင့်စပ်လျဉ်း၍ SEACEN Centre ၏အမှုဆောင် ဒါရိုက်တာ Dr. Mangal Goswami က လည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ "Managing Macro–Financial Stability" ခေါင်းစဉ်နှင့်စပ်လျဉ်း၍ ဖိလစ်ပိုင်နိုင်ငံဗဟိုဘဏ်၏ ဒုတိယဥက္ကဋ္ဌ Mr. Francisco G. Dakila, Jr. ကလည်းကောင်း၊ ထိုင်းနိုင်ငံဗဟိုဘဏ်၏ ဒုတိယဥက္ကဋ္ဌ Ms. Vachira Arromdee ကလည်းကောင်း ဆွေးနွေး ပြောကြားကြပြီး SEACEN အဖွဲ့ဝင်ဗဟိုဘဏ် ၁၉ ဘဏ်တို့မှ ဒုတိယဥက္ကဋ္ဌများ၊ SEACEN အမှုဆောင် ဒါရိုက်တာနှင့် အစည်းအဝေးတက်ရောက်လာသူများက ၎င်းတို့၏ အတွေ့အကြုံ အသိအမြင်များကို အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

ယနေ့တွင် (၂၁) ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ် ဒုတိယ ဥက္ကဋ္ဌများအစည်းအဝေး ($21^{st}$ SEACEN Executive Committee – EXCO Meeting) ကို ဆက်လက်ကျင်းပရာ အစည်းအဝေးတွင် လာမည့် ၂၀၂၃ ခုနှစ်၌ ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများ၊ ၂၀၂၃ ခုနှစ်အတွက် ဘတ်ဂျက်လျာထားမှု၊ SEACEN စင်တာမှ ကြီးမှူးဆောင်ရွက်လျက်ရှိသည့် မဟာဗျူဟာမြောက် စီမံကိန်းများ ဆောင်ရွက်မှု၊ SEACEN စင်တာတွင် ဒါရိုက်တာများခန့်အပ်မှု၊ SEACEN အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ၂၀၂၃–၂၀၂၅ ဘဏ္ဍာနှစ်အတွက် External Auditor ခန့်အပ်မှုနှင့် စပ်လျဉ်း၍ SEACEN အမှုဆောင် ဒါရိုက်တာ Dr. Mangal Goswami နှင့် ဗီယက်နမ်နိုင်ငံဗဟိုဘဏ်၏ ဒုတိယဥက္ကဋ္ဌ Mr. Pham Thanh Ha တို့က တင်ပြဆွေးနွေးခဲ့ရာ SEACEN အဖွဲ့ဝင်ဗဟိုဘဏ် ၁၉ ဘဏ်တို့မှ ဒုတိယဥက္ကဋ္ဌများက ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးကာ လမ်းညွှန်မှုများပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းကောင်းများ ပိုင်ဆိုင်ထားသည့် မြန်မာ

ဝဏ္ဏ(TGI)

ဖိုရမ်သို့ တက်ရောက်လာသည့် အကြီးအကဲများနှင့် ကိုယ်စားလှယ်များသည် အကြီးအကဲ၏ ဆက်လက်ဆွေးနွေးမှုအပေါ် စိတ်ပါဝင်စားစွာ နားစွင့်နေကြသည်။ ဆွေးနွေးမည့် ခေါင်းစဉ်အရ ပထမအပိုင်းဖြစ်သည့် စားနပ်ရိက္ခာလုံခြုံရေး(Food Security)ကဏ္ဍတွင် မြန်မာနိုင်ငံ၏ အရေးပါမှုအကြောင်း ဆွေးနွေးမှုကို ကြားသိခဲ့ရပြီး ဖြစ်သည်။ ဒုတိယအပိုင်းတွင် မည်သို့ဆွေးနွေးမည်နည်း။ ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းကောင်းများတွင် မည်သို့သောအကြောင်းအရာများ ပါဝင်မည်နည်း။ မည်သို့သော ဆွဲဆောင်နိုင်မည့် အခွင့်အလမ်းများ ပေါ်လာမည်နည်း။ မည်သူတို့ကို ရည်ညွှန်း၍ မည်သူတို့၏ ရပိုင်ခွင့်ကို ဖော်ဆောင်မည်နည်းကို စိတ်ဝင်စားကြသည်။ ခေတ်၏ပြောင်းလဲမှုအရ ဘက်တစ်ဖက်တည်းကသာ အသာရသည့် စီးပွားရေးစနစ်မဟုတ်ကြောင်း မည်သို့ဆွေးနွေးမည်လဲကို နားစွင့်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၏ မျက်နှာစုံညီအစည်းအဝေး Plenary Session ၌ ဆွေးနွေးစဉ်။

**သဘာဝဓာတ်ငွေ့နှစ်ထရီလီယံကုဗပေ**

ဆွေးနွေးမှုခေါင်းစဉ်၏ ဒုတိယပိုင်းအဖြစ် ရင်းနှီးမြှုပ်နှံမှုအတွက်၊ အခွင့်အလမ်းကောင်းများအတွက် အကြီးအကဲ၏ ဆက်လက်ဆွေးနွေးမှုတွင် အမိမြန်မာပြည်အတွက် ဂုဏ်ယူဝင့်ကြွားဟန်ကို ပိုမိုမြင်တွေ့ရသည်။ သဘာဝသယံဇာတပေါကြွယ်ဝသည့် နိုင်ငံ၏အကြီးအကဲဖြစ်သည့်အတွက် ဆွေးနွေးမှုတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍကို ထည့်သွင်းဆွေးနွေးသည်။ မြန်မာနိုင်ငံ၏ ကမ်းလွန်ရေနံလုပ်ကွက် ၅၁ ကွက်အနက် လုပ်ကွက် ရှစ်ကွက်တွင် သဘာဝဓာတ်ငွေ့များ တွေ့ရှိထုတ်လုပ်ကာ ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ရောင်းချနေမှုကို စတင်ဆွေးနွေးသည်။ လက်ရှိကာလတွင် ဘင်္ဂလားပင်လယ်အော်အတွင်း သဘာဝဓာတ်ငွေ့ နှစ်ထရီလီယံကုဗပေကျော် တွေ့ရှိပြီး မကြာမီ စီးပွားဖြစ်ထုတ်ယူနိုင်တော့မည့် အခြေအနေ၊ အလားတူ ၎င်းထက်ပိုမိုကြီးမားသည့် ဓာတ်ငွေ့သိုက်တစ်ခုကို တူးဖော်နိုင်တော့မည့် အလားအလာကောင်း တွေ့ရှိရမှုအခြေအနေတို့ကို ထုတ်ဖော်ပြောဆိုရင်း နောင်လာမည့် သုံးနှစ်အတွင်း သဘာဝဓာတ်ငွေ့ကို အခြေခံသည့် စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်၍ ရင်းနှီးမြှုပ်နှံလိုသူများကို ဖိတ်ခေါ်သည်။ အလားတူ မရှာဖွေ၊ မဖော်ထုတ်ရသေးသည့် ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကြေးနီ၊ သံ၊ ခဲမဖြူ စသည့် သတ္တုလုပ်ငန်းများတွင်ပါ လာရောက်လုပ်ကိုင်နိုင်ကြောင်းကို ဖိတ်ခေါ်ကမ်းလှမ်းသည်။

အမိမြန်မာနိုင်ငံသည် သဘာဝသယံဇာတပေါကြွယ်ဝသည့် နိုင်ငံဖြစ်သည်မှာ ပကတိအရှိတရားဖြစ်သည်။ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် လွတ်လပ်သည့်နိုင်ငံဖြစ်သည့်အပြင် စီးပွားရေးစနစ်ကိုလည်း ဈေးကွက်စီးပွားရေးစနစ်ဖြင့် ဆောင်ရွက်နေသည်။ ထိုသို့နေထိုင်လုပ်ကိုင်နေသော်လည်း အချို့အနောက်နိုင်ငံကြီးများမှ ၎င်းတို့နှင့် အမြင်မတူရုံ၊ ၎င်းတို့အကျိုးအတွက် ၎င်းတို့ဖြစ်စေလိုသည့် နိုင်ငံရေးအခင်းအကျင်း မဖြစ်ရုံမျှဖြင့် ပိတ်ဆို့ခြင်း၊ တားမြစ်ခြင်းတို့ကို လက်နက်သဖွယ် အသုံးချလေ့ရှိသည်။ သို့သော်မြန်မာဟူသော နိုင်ငံသည် ထီးတည်းရပ်တည်သောနိုင်ငံမဟုတ်၊ အမျိုးအဆွေမည်သော မိတ်ဖက်နိုင်ငံများ၊ မိတ်ဆွေမည်သောနိုင်ငံများ များပြားစွာရှိသည်ကို မေ့လျော့နေဟန်ရှိသည်။ မြန်မာနိုင်ငံ၏ မဟာမိတ်သဖွယ်၊ မိတ်ကောင်းဆွေကောင်းသဖွယ် နိုင်ငံများအား ယခုလိုကမ်းလှမ်းမှုအပေါ် မည်သို့ဆိုလေဦးမည်မသိ။ မည်သို့ နှောင့်ယှက်ဖျက်ဆီးဦးမည်ကို မဆိုနိုင်၊ မည်သို့ဆိုစေကာမူ မြန်မာနိုင်ငံသည်ကား မိမိနိုင်ငံအမျိုးသားအကျိုးစီးပွားအတွက် လုပ်ဆောင်သင့်သည်များ လုပ်ဆောင်နေသည်ကို အကြီးအကဲ၏ ဆွေးနွေးမှုတွင် သိသာနေသည်။

အကြီးအကဲ၏ ဆက်လက်ဆွေးနွေးမှုတွင် ရုရှားနှင့်မြန်မာနှစ်နိုင်ငံကြား အပြန်အလှန် ကူးသန်းရောင်းဝယ်နေမှုများပါသည်။ မြန်မာနိုင်ငံမှ ရုရှားနိုင်ငံသို့ စိုက်ပျိုးရေးနှင့်ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိပြီး ရုရှားမှ မြန်မာသို့ ဓာတ်မြေဩဇာ၊ စက်သုံးဆီနှင့်ရေနံထွက်ပစ္စည်းများ တင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယခုထက် ပိုမိုတိုးမြှင့်နိုင်ပါက နှစ်နိုင်ငံအတွက် အကျိုးစီးပွားပိုမိုဖြစ်ထွန်းလာနိုင်မည်ကို သုံးသပ်ဆွေးနွေးပြောကြားသည်။ ၎င်းအပြင် ယခုဖိုရမ်သို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များအား မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဖိတ်ခေါ်မှုပြုသည်။ လုပ်ဆောင်နိုင်သည့် စီးပွားရေးလုပ်ငန်းများမှာ အနည်းငယ်မျှသော အရေအတွက်မဟုတ်၊ နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ကြောင်းနှင့် အခြားပြည်ပကုန်သွယ်ရေးအတွက် အခွင့်အလမ်းများစွာကို ပေးအပ်နိုင်စွမ်းရှိကြောင်းကိုလည်း ထည့်သွင်းဆွေးနွေးသည်။ များပြားလှစွာသော စီးပွားရေးကဏ္ဍများနှင့် ပြည်ပကုန်သွယ်ရေးအတွက် ဆွေးနွေးပြောကြားမှုတွင် နိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးစီးပွားကို ရှေးရှုသည်။ အလားတူ အာမခံချက်အဖြစ် အခွင့်အလမ်းများစွာကို ပေးအပ်နိုင်စွမ်းရှိသည်ဟု တည်ကြည်သောစကားကို ဆိုသည်။ မလိုသူများ၏ နည်းမျိုးစုံသော ထိုးနှက်မှုကြားတွင် အကြီးအကဲက ဖိုရမ်သို့ တက်ရောက်လာသူများကို သက်သေပြု၍ အာမခံစကားဖြင့် ဆိုခြင်းသည်ပင် မြန်မာဟူသော ဂုဏ်ကို မြှင့်တင်နိုင်ခဲ့ခြင်းဟု ဆိုနိုင်သည်။

**ဆက်ဆံရေးပိုမိုကောင်းမွန်လာစေရန်**

ဆက်လက်ဆွေးနွေးမှုတွင် ယခုကျင်းပပြုလုပ်သည့် Eastern Economic Forum- 2022 ၏ ပူးပေါင်းဆောင်ရွက်မှုများသည် ယူရေးရှားဒေသတွင်း နိုင်ငံများနှင့် ဆက်ဆံရေး ပိုမိုကောင်းမွန်လာစေရန် ပံ့ပိုးပေးလျက်ရှိမှု၊ ဒေသတွင်း အပြန်အလှန် ထိတွေ့ဆက်ဆံဆက်သွယ်မှု ယန္တရားများ ရှိလာစေပြီး နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် အရှေ့ပိုင်းဒေသအား အနောက်နိုင်ငံများ၏ လွှမ်းမိုးမှုကို တွန်းလှန်နိုင်မည့်အခြေအနေများကိုလည်း ထည့်သွင်းဆွေးနွေးသည်။

စာမျက်နှာ ၇ သို့ ❖



မြန်မာနိုင်ငံ၏ ကမ်းလွန်ရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းကို တွေ့ရစဉ်။

မြန်မာဟူသော နိုင်ငံသည် ထီးတည်းရပ်တည်သော နိုင်ငံမဟုတ်၊ အမျိုးအဆွေမည်သော မိတ်ဖက်နိုင်ငံများ၊ မိတ်ဆွေမည်သောနိုင်ငံများ များပြားစွာရှိသည်ကို မေ့လျော့နေဟန်ရှိသည်။ မြန်မာနိုင်ငံ၏ မဟာမိတ်သဖွယ်၊ မိတ်ကောင်းဆွေကောင်းသဖွယ် နိုင်ငံများအား ယခုလို ကမ်းလှမ်းမှုအပေါ် မည်သို့ဆိုလေဦးမည်မသိ။ မည်သို့နှောင့်ယှက်ဖျက်ဆီးဦးမည်ကို မဆိုနိုင်၊ မည်သို့ဆိုစေကာမူ မြန်မာနိုင်ငံသည်ကား မိမိနိုင်ငံအမျိုးသားအကျိုးစီးပွားအတွက် လုပ်ဆောင်သင့်သည်များ လုပ်ဆောင်နေသည်ကို အကြီးအကဲ၏ ဆွေးနွေးမှုတွင် သိသာနေ

❖ စာမျက်နှာ ၆ မှ

အာရှဒေသတွင်းနိုင်ငံများ၏ ဆက်ဆံရေး ကောင်းမွန်ခိုင်မာလာသည်နှင့်အမျှ မြောက်ပိုင်းမှ တောင်ပိုင်းသို့ ဆက်သွယ်သော နိုင်ငံတကာ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းတစ်ခု(International North South Transport Corridor–INSTC)ကို ဖော်ဆောင်လာနိုင်မည်။ ၎င်းမှတစ်ဆင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုထွန်းကားလာကာ အာရှ-ပစိဖိတ်ဒေသ ပထဝီနိုင်ငံရေး တည်ငြိမ်ခိုင်မာလာကာ အားကောင်းလာနိုင်မည် စသည့် အကြောင်းအရာများကိုလည်း သုံးသပ်ဆွေးနွေးသည်။ အာရှဒေသတွင်း အင်အားတောင့်တင်းခိုင်မာသည့် တရုတ်၊ အိန္ဒိယ အစရှိသည့် ဆက်ဆံရေးကို ထူထောင်ထားခြင်းအားဖြင့် မိမိတို့ မြန်မာနိုင်ငံအပါအဝင် အာရှဒေသနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးရာရောက်နိုင်ကြောင်းကိုလည်း အကြံပြုသုံးသပ်ဆွေးနွေးသည်။ အကြီးအကဲအနေဖြင့် စည်းလုံးခြင်းသည် အင်အားဟူသည့် ဆိုရိုးစကားနှင့်အညီ ဒေသတွင်းစည်းလုံးမှုကို ဖြစ်စေလိုဟန်ရှိသည်။ စည်းလုံးမှုမရှိပါလျှင် အနောက်နိုင်ငံကြီးအချို့၏ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး စသည့် နယ်ပယ်အစုံမှ အင်အားတိုးချဲ့လာမှု၊ ဖိအားပေး ခြိမ်းခြောက်မှုတို့ကိုခံရနိုင်သည်ကို အကြီးအကဲက ထောက်ပြသုံးသပ်ဆွေးနွေးခြင်းဟု ဆိုရမည်ဖြစ်သည်။

**အာဆီယံ၏ ဗဟိုချက်မကျမှု**

အာရှ-ပစိဖိတ်ဒေသသည် မျက်မှောက်ကာလတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ရင်းနှီးမြှုပ်နှံရန် သင့်လျော်သည့်ဒေသအဖြစ် တွေ့မြင်ရမှုအခြေအနေ၊ အာဆီယံအဖွဲ့သည်လည်း အာရှ-ပစိဖိတ်ဒေသတွင်း အချက်အချာကျစွာ တည်ရှိနေမှုအရ ဒေသတွင်း သံတမန်ဆက်ဆံရေးနှင့် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲများကိုလည်း ဦးဆောင်နိုင်သည့် အနေအထားတွင်ရှိနေသည့် အခြေအနေများကိုလည်း ထည့်သွင်းဆွေးနွေးသည်။ ၎င်းအပြင် အာဆီယံအနေဖြင့် လက်ရှိကာလတွင် ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုများကြားတွင် ရှိနေမှု၊ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးကဏ္ဍများတွင် အဓိကအခန်းကဏ္ဍ၌ ရှိနေပြီး ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းများ ဖြတ်သန်းမှုအရ အာဆီယံ၏ ဗဟိုချက်မကျမှု (ASEAN Centrality)ကို အထင်အရှားမြင်တွေ့ရမှု အခြေအနေကိုလည်း သုံးသပ်ဆွေးနွေးသည်။ ဆွေးနွေးမှုတွင် ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုကြားတွင် ရှိနေသည်ဟူသည့် ဆွေးနွေးချက်မှာ အလေးအနက်ထားရမည့် ကိစ္စတစ်ရပ်ဖြစ်သည်ဟု ထင်မြင်မိသည်။ အာဆီယံဒေသတွင်း အစည်းအဝေးများရှိသည့်ကာလ၊ အရေးကြီးဆုံးဖြတ်ချက်များ ချမှတ်ရန် စီမံနေသည့်ကာလများတွင် အနောက်နိုင်ငံကြီးအချို့၏ သံတမန်များရောက်ရှိလာမှု၊ ၎င်းတို့မလာရောက်မီ ဒေသတွင်းနိုင်ငံများ၏ ကြိုတင်ဆွေးနွေးမှု၊ ထုတ်ဖော်ပြောဆိုမှုများသည် ၎င်းတို့လာရောက်ပြီးချိန်တွင် ပြောင်းပြန်ဖြစ်သည့် အနေအထားသို့ ပြောင်းလဲသွားမှုများမှာ ဂရုပြုရမည့်အချက်များပင်ဖြစ်သည်။ အကြီးအကဲက ဆက်လက်ဆွေးနွေးရာတွင် အာဆီယံဒေသမှ ရုရှားနိုင်ငံအလယ်ပိုင်းသို့ အနီးဆုံးကုန်းလမ်းကြောင်းတစ်ခုနှင့် အာဆီယံဒေသမှ တောင်အာရှဒေသ၊ ပင်လယ်ကွေ့ဒေသနှင့် အလယ်အာရှတို့မှတစ်ဆင့် ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုတို့ မဖြစ်မနေလိုအပ်မှု၊ တရုတ်နိုင်ငံမှ ဆောင်ရွက်နေသည့် (Belt and Road Initiative – BRI)နှင့် ပေါင်းစပ်ဆောင်ရွက်နိုင်မှုတို့ကိုလည်း ဆက်စပ်သုံးသပ်ကာ ဆွေးနွေး သည်။ တရုတ်၊ ရုရှား စသည့်နိုင်ငံများ၏ အကျိုး စီးပွားအတွက်သာမက အာဆီယံဒေသတွင်းနိုင်ငံ များအတွက်ပါ ဆွေးနွေးမှုဖြစ်၍ တစ်ချက်ခုတ် နှစ်ချက်ပြတ်သည့်ဆွေးနွေးမှုဟု ဆိုရမည်ဖြစ်သည်။

“ အာရှ-ပစိဖိတ်ဒေသသည် မျက်မှောက်ကာလတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ရင်းနှီးမြှုပ်နှံရန် သင့်လျော်သည့်ဒေသအဖြစ် တွေ့မြင်ရမှုအခြေအနေ၊ အာဆီယံအဖွဲ့သည်လည်း အာရှ-ပစိဖိတ်ဒေသတွင်းအချက်အချာကျစွာ တည်ရှိနေမှုအရ ဒေသတွင်း သံတမန်ဆက်ဆံရေးနှင့် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲများကိုလည်း ဦးဆောင်နိုင်သည့် အနေအထားတွင်ရှိနေသည့်အခြေအနေများကိုလည်း ထည့်သွင်းဆွေးနွေးသည်။ ၎င်းအပြင် အာဆီယံအနေဖြင့် လက်ရှိကာလတွင် ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုများကြားတွင် ရှိနေမှု၊ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးကဏ္ဍများတွင် အဓိကအခန်းကဏ္ဍ၌ရှိနေပြီး ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းများ ဖြတ်သန်းမှုအရ အာဆီယံ၏ ဗဟိုချက်မကျမှု (ASEAN Centrality) ကို အထင်အရှားမြင်တွေ့ရမှု အခြေအနေကိုလည်း သုံးသပ်ဆွေးနွေး ”




(၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၏ မျက်နှာစုံညီအစည်းအဝေး Plenary Session ကျင်းပစဉ်။

**မြန်မာပြည်၏ပကတိဖြစ်တည်မှု**

အာဆီယံဒေသတွင်း ကိစ္စရပ်များကို ဆွေးနွေးအပြီးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ အရှေ့တောင်အာရှ၊ တောင်အာရှ၊ အနောက်ဥရောပနှင့် အာရှအရှေ့ပိုင်းဒေသများသို့ ကူးလူးဆက်သွယ်ရာတွင် အဓိကကျသောနေရာတွင် တည်ရှိနေမှုကို ရှင်းလင်းဆွေးနွေးသည်။ သဘာဝတောတောင်၊ ရေ၊ မြေ အလှများသာ စုစည်းရုံမဟုတ် ဒေသတွင်း ကုန်သွယ်ရေး၊ ကူးလူးဆက်သွယ်ရေး တို့တွင်လည်း အချက်အချာကျစွာ တည်ရှိနေသည်ကပင် မြန်မာပြည်၏ ပကတိဖြစ်တည်မှုပင်ဖြစ်သည်။ ဤအတွက်လည်း အကြီးအကဲက ဆွေးနွေးမှုတွင် ဂုဏ်ယူမှုအပြည့်ဖြင့် ဆွေးနွေးခြင်းဟု ထင်မြင်မိသည်။

ထိုသို့သော အလှတရားသာ ပြည့်စုံသည်မဟုတ်၊ လာရောက်ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အဆင်ပြေချောမွေ့စေရေး လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်း၍ ဆောင်ရွက်ပေးလျက်ရှိမှုကို ထည့်သွင်းဆွေးနွေးခြင်းဖြင့် အလှတွင် အယဉ်ဆင့်မှုကိုဖော်ကျူးသည်။ ပထဝီအနေအထားအရ အချက်အချာကျမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းပေးမှုတို့ဖြင့် ရင်းနှီးမြှုပ်နှံမည့်သူများအတွက် အကျိုးအမြတ်ရရှိနိုင်မှု၊ ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံရေး(Food Security) အတွက် အထောက်အကူပြုမှု စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်ကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်ကြရန် ဖိတ်ကြားအပ်ပါကြောင်း ပြောကြားရင်းဆွေးနွေးမှုကို နိဂုံးချုပ်သည်။

**အလားအလာကိုတွက်ဆကြ**

ဖိုရမ်သို့ တက်ရောက်လာသည့် နိုင်ငံ့အကြီးအကဲများနှင့် ကိုယ်စားလှယ်များက ဩဘာလက်ခုပ်များ တီးကြသည်။ ကိုယ်စားလှယ်များမှာ စီးပွားရေးနှင့် ဆက်စပ်သည့် ဝန်ကြီးဌာနတာဝန်ရှိသူများ၊ နိုင်ငံအလိုက် စီးပွားရေးလုပ်ငန်းရှင်များဖြစ်သည့်အတွက် အကြီးအကဲ၏ ဒုတိယအပိုင်း ဆွေးနွေးမှုကို ပိုမိုစူးစိုက်ကြသည်။ စီးပွားရေးလုပ်ငန်းများကိုမြန်မာနိုင်ငံတွင် လုပ်ကိုင်ရင်းနှီးမြှုပ်နှံပါက ဖြစ်ပေါ်တိုးတက်လာနိုင်မည့် အလားအလာကို တွက်ဆကြသည်။ လိုအပ်လာမည့် စွမ်းအင်အရင်းအမြစ်အတွက်လည်း အခြေအနေကောင်းများကို အချိန်တိုအတွင်း ရရှိနိုင်မှုရှိနေသကဲ့သို့ အခြားကူးသန်းရောင်းဝယ်မှုအတွက်လည်း ပထဝီအနေအထားအရ ကောင်းမွန်လှသည်မို့ သူတို့စိတ်ပါဝင်စားမှုက ပိုမိုသည်မှာ မဆန်းလှ။

အကြီးအကဲ၏ ဆွေးနွေးမှုအပြီးတွင် အခမ်းအနားမှူးက သိရှိလိုသည်များကို မေးမြန်း၍ အကြီးအကဲက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ အမေးစကားအပေါ် အကြီးအကဲ၏ အဖြေစကားက ကျေနပ်ဖွယ်ဖြစ်စေရန် တိတိကျကျ ပြည့်ပြည့်စုံစုံ ဖြေကြားသည်။ ပကတိအရှိတရားကို ကြိုတင်ပြင်ဆင်ထားမှုဖြင့် ပြောကြားခြင်းဖြစ်၍ ချောချောမွေ့မွေ့သာ။ အမေးအဖြေပြုလုပ်အပြီးတွင် ရုရှားဖက်ဒရေးရှင်းသမ္မတ H.E. Vladimir Vladimirovich Putin က ဖြည့်စွက်ဆွေးနွေးသည့် အပြုသဘောဆောင်သည့် ချဉ်းကပ်ဆွေးနွေးမှုမှာလည်း ရလဒ်ကောင်းသို့သာ ဦးတည်သည်။

ထို့နောက်တက်ရောက်လာသည့်အာမေနီးယားနိုင်ငံဝန်ကြီးချုပ်၊ မွန်ဂိုလီးယားနိုင်ငံဝန်ကြီးချုပ် ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌတို့က သက်ဆိုင်ရာခေါင်းစဉ်များအလိုက်ဆွေးနွေးခြင်း၊ အရှေ့ဖျားဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အာရှ-ပစိဖိတ်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးခြင်း၊ အခမ်းအနားမှူးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့က ပြန်လည်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်သည်။ တက်ရောက်လာသည့် သက်ဆိုင်ရာနိုင်ငံ အလိုက် ဆွေးနွေးမှုများအပြင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E Norendra Modi ၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် H.E Ismail Sabri Yaakob နှင့် ဗီယက်နမ်ဝန်ကြီးချုပ် H.E Plam Minh Chinh တို့ကလည်း Video Message များဖြင့် ပါဝင်ဆွေးနွေးကြသည်။ ဆွေးနွေးသည့် အကြောင်းအရာနှင့် ခေါင်းစဉ်များ မတူညီသည့်တိုင် စည်းလုံးခြင်းကို ရှေ့ရှုကြသည့် အချက်များမှာတော့ တူညီသည်။

ဆွေးနွေးမှုများအပြီးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတ H.E. Vladimir Vladimirovich Putin ကို အခမ်းအနားမှူးက လက်ရှိကမ္ဘာတွင် ဖြစ်ပေါ်နေသည့် ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ရပ်တည်ချက်များကို မေးမြန်း၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကလည်း အကြောင်းတစ်ခုချင်းစီအလိုက် ပြန်လည်ဖြေကြားသည်။ ဖြေကြားမှုများအပြီးတွင် တက်ရောက်လာသည့် နိုင်ငံ့အကြီးအကဲများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

**အများမြင်သာသည့်အခြေအနေပင်**

(၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum–2022)၏ မျက်နှာစုံညီအစည်းအဝေး Plenary Session ကမူ အောင်မြင်စွာ ပြီးမြောက်ခဲ့ပြီးဖြစ်သည်။ အစည်းအဝေးအရ ပြီးမြောက်ခြင်း၏ ရလဒ်က မြန်မာနိုင်ငံအတွက် မည်သို့ အကျိုးဖြစ်ထွန်းစေနိုင်သည်ကို မှန်းဆကြည့်ရုံဖြင့်ပင် မြင်သာသည်။ အမြင်၊ အကြားအားဖြင့် သိရှိလိုက်ရသော အကြီးအကဲများ၏ ဆွေးနွေးချက်များတွင် နိုင်ငံ၏အနာဂတ်အတွက် အဖြေက ပြည့်စုံစွာပါနေသည်။ အကြီးအကဲ၏ ဆွေးနွေးချက်၊ ရုရှားနိုင်ငံအပါအဝင် တက်ရောက်လာသည့် နိုင်ငံ့အကြီးအကဲများ၊ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် အများမြင်သာသည့် အခြေအနေပင်ဖြစ်သည်။ အမိမြန်မာပြည်၏ ရှေ့ရေးသည် ယခုဖိုရမ်မှအစပြု၍ ခေတ်မီဖွံ့ဖြိုးတိုးတက်ခြင်း၊ စီးပွားရေးအရ ကောင်းမွန်ခြင်း စသည့် မင်္ဂလာမည်သည့် ကောင်းခြင်းများသာ ရရှိလာတော့မည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

# ကိုဗစ်-၁၉ ကပ်ရောဂါပိုးတွေ့ရှိမှု ပြန်လည်မြင့်တက်လာသဖြင့် ဝန်ထမ်းများအနေဖြင့် ကျန်းမာရေးအထူးဂရုပြုရန် လိုအပ်

**နေပြည်တော် စက်တင်ဘာ ၁၆**

အနာဂတ် ကိုရိုနာဗိုင်းရပ်စ်လှိုင်းဂယက်များ ဆက်လက်ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ္ဘာတစ်ဝန်းရှိ အစိုးရများကို ဆက်လက်သတိထားရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးနေပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းဖြစ်သည့် အိုမီခရွန်ရောဂါဖြစ်ပွားမှု စတုတ္ထလှိုင်းသည် ပြန်လည်ကျဆင်းလာခဲ့ရာမှ ဩဂုတ်လအတွင်းမှ စတင်ပြီး ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှု ပြန်လည်မြင့်တက်လာခဲ့သဖြင့် ဝန်ထမ်းများအနေဖြင့် ကျန်းမာရေးအထူးဂရုပြုကြရန် လိုအပ်ကြောင်း၊ ကျန်းမာရေးသတ်မှတ်ချက်များနှင့်ကိုက်ညီအောင် နေထိုင်ကြရန် ပညာပေးလုပ်ငန်းများကို အရှိန်မြှင့်နေကြသလို လိုက်နာဆောင်ရွက်ကြရန် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က ရှင်းလင်းပြောကြားသည်။

**ပြောကြား**

ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန် (Version 4.0) အား ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာတွင် ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က အထက်ပါအတိုင်း ပြောကြားသည်။



ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားသူများအားလုံး၏ ၈၄ ဒသမ ၁ ရာခိုင်နှုန်းတွင် ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူများဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများအတွင်း ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်နိုင်သောအဆင့်သို့ ရောက်ရှိနေကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းလမ်းညွှန် (Version 4.0)နှင့်အညီ လိုက်နာဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန် (Version 4.0)အား အမြဲတမ်းအတွင်းဝန် ဒေါက်တာအယ်လ်တူးမိန်းဂေါင်က ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဓာတ်ပုံရိုက်ကူးတည်းဖြတ်နည်းသင်တန်း(၁/၂၀၂၂) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၆**

သတင်းတွင် ဓာတ်ပုံသည် အရေးကြီးကြောင်း၊ သတင်းနှင့်ဓာတ်ပုံသည် တွဲဖက်လျက်ရှိသည့်အတွက် သတင်းတွင်ပါဝင်သည့် အချက်အလက်နှင့် ဓာတ်ပုံတွင်ပါဝင်သည့် အချက်အလက်သည် ထင်ဟပ်ပေါ်လွင်စေရန် သတင်းဓာတ်ပုံရိုက်ကူးသူ၏ အတွေးအခေါ်သည် အရေးကြီးကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က ပြောကြားသည်။

ယနေ့ မွန်းလွဲပိုင်းတွင် ကျင်းပသည့် ဓာတ်ပုံရိုက်ကူးတည်းဖြတ်နည်းသင်တန်း (၁/၂၀၂၂) သင်တန်းဆင်းပွဲတွင် ဒုတိယဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပြင်ပနည်းပြဓာတ်ပုံပညာရှင်များက ဓာတ်ပုံရိုက်ကူးတည်းဖြတ်နည်းဘာသာရပ်များ၊ Indoor, Outdoor လက်တွေ့ရိုက်ကူးခြင်းတို့ကို သင်ကြားပေးခဲ့သည့်အပြင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် ဦးစီးဌာနနည်းပြများက သတင်း၏ အခြေခံဖွဲ့စည်းတည်ဆောက်ပုံ၊ သတင်းနှင့် သတင်းဆောင်းပါးများ ရေးသားခြင်း၊ အွန်လိုင်းအသုံးပြု၍ သတင်းများ ထုတ်ပြန်ခြင်း၊ သတင်းအပြန်အလှန်စီးဆင်းရေး ဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့ကြောင်း။

သင်တန်းသားများအနေဖြင့် ပို့ချလိုက်သည့် ပညာရပ်အပြင် ယခုထက် ဆပွားတိုး၍ တိုးတက်သည့် နည်းပညာများဖြင့် ပိုပြီးကောင်းမွန်အောင် ရိုက်ကူးတင်ဆက်နိုင်ရန်နှင့် သတင်းရေးသားထုတ်ပြန်သည့် နေရာတွင်လည်း သတင်းနှင့်ကိုက်ညီသည့် ဓာတ်ပုံကို အနှစ်သာရမြောက်အောင် ရိုက်ကူးနိုင်ရန် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက သင်တန်းသားခေါင်းဆောင်ထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် သင်တန်းသားများ ရိုက်ကူးခဲ့သည့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။



ယခုဖွင့်လှစ်ခဲ့သည့် ဓာတ်ပုံရိုက်ကူးတည်းဖြတ်နည်းသင်တန်းကို စက်တင်ဘာ ၆ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ပြီး နေပြည်တော်ကောင်စီနယ်မြေ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း ၂၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်ရေးရာကိစ္စရပ်များကို ကဏ္ဍပေါင်းစုံမှ စနစ်တကျ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၆**

နိုင်ငံတော်အနေဖြင့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်ရေးရာကိစ္စရပ်များကို ကဏ္ဍပေါင်းစုံမှ စနစ်တကျ ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက ပြောကြားသည်။

ယနေ့နံနက်ပိုင်းက နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်း လူငယ်ရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် ဒုတိယအကြိမ် မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီ (၂/၂၀၂၂) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ဦးတည်ချက်(၉) ရပ်အနက် လူမှုရေးဦးတည်ချက်(၃)ရပ်နှင့် လိုက်လျောညီထွေဖြစ်စေရေး၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(၂၀၁၈-၂၀၃၀)တို့နှင့်အညီ မူဝါဒ(၇)ရပ်၊ ရည်မှန်းချက် (၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၁၀) ရပ်ချမှတ်ပြီး ဆယ်ကျော်သက်လူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေး၊ စိတ်ဓာတ်၊ စည်းကမ်း၊ လူ့ကျင့်ဝတ်၊ လူ့တန်ဖိုးနှင့် ပြည်ထောင်စုစိတ်ဓာတ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရေး အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် လူငယ်များ၏အခွင့်အရေးများ အပြည့်အဝရရှိခံစားနိုင်စေရေး ကာကွယ်သွားရန် ဥပဒေရေးဆွဲပြဋ္ဌာန်း၍ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် အသက်မွေးဝမ်းကျောင်း နည်းပညာပေးသင်တန်းများ ဖွင့်လှစ်နိုင်ရေးတို့အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများအတိုင်း ကြိုတင်တွက်ချက်၍ လျာထားတင်ပြဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။



ထို့နောက် မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းက ပထမအကြိမ်ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံလူငယ်ရေးရာ လုပ်ငန်းကော်မတီ (၁/၂၀၂၂)၏ ဆုံးဖြတ်ချက် ၁၂ ချက်အပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့တက်ရောက်လာကြသည့် မြန်မာနိုင်ငံလူငယ်ရေးရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်များက လူငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး၊ ဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်နိုင်ရေးစသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရေးရာကိစ္စရပ်များကို အရှိန်အဟုန်မပြတ် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေပြီး အတွေးအခေါ်မှန်ကန်စေရန်နှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးအကြံပြုတင်ပြကြရာ ဒုတိယဝန်ကြီးက လူငယ်များ ဖွံ့ဖြိုးတိုးတက်စေရန် ထောင့်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်အတွက် သက်ဆိုင်ရာဌာနများအားလုံးပေါင်းစပ်ညှိနှိုင်းလုပ်ကိုင်ဆောင်ရွက်သွားခြင်းဖြင့် အနာဂတ်တွင် လူငယ်များ၏ဘဝ သာယာလှပပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထောက်အကူပြုနိုင်မည့် လူတော်လူကောင်းများစွာ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့်ပြည်နယ် လူငယ်ရေးရာကော်မတီဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံကင်းထောက်အဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများက Virtual Online ဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner ဖြင့် Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Nitrogen Dioxide ($NO_2$)၊ Sulphur Dioxide ($SO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်း နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ မုံရွာမြို့၊ ထားဝယ်မြို့၊ မြစ်ကြီးနားမြို့၊ လွိုင်ကော်မြို့၊ ဘားအံမြို့၊ မော်လမြိုင်မြို့၊ စစ်တွေမြို့၊ တာချီလိတ်မြို့နှင့် လားရှိုးမြို့တို့တွင် တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များအား Air Quality Index (AQI) ဖြင့် တွက်ချက်ထားမှုအရ အောက်ပါအတိုင်း လေ့လာဆန်းစစ်တွေ့ရှိရပါသည်–

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန် အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန် အမွှားများ</th><th>ဆာလဖာ ဒိုင် အောက် ဆိုဒ်</th><th>နိုက်ထရို ဂျင်ဒိုင် အောက် ဆိုဒ်</th><th>အိုဇုန်း</th><th>ကာဗွန်မို နောက်ဆိုဒ်</th></tr>
<tr><td>၁</td><td colspan="8">ပြည်ထောင်စုနယ်မြေ နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူးရုံး</td><td>လက်ခံ နိုင်သော</td><td>ကောင်း မွန်</td><td>ကောင်း မွန်</td><td>ကောင်း မွန်</td><td>ကောင်း မွန်</td><td>ကောင်း မွန်</td></tr>
<tr><td></td><td>၂</td><td>ဒက္ခိဏခရိုင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူးရုံး</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ဗိုလ်တထောင်မြို့နယ် (၅၅)လမ်း</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သာကေတဝန်ထမ်း အိမ်ရာ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူးရုံး</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>မန္တလေးတိုင်းဒေသကြီး၊ မြန်မာ့သစ်လုပ်ငန်း၊ ပြင်ဦးလွင် သစ်ထုတ်လုပ်ရေးဒေသရုံး</td><td>လက်ခံ နိုင်သော</td><td>ကောင်း မွန်</td><td>ကောင်း မွန်</td><td>ကောင်း မွန်</td><td>ကောင်း မွန်</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မော်တော်ယာဉ် နည်းပညာသုတေသနဌာန</td><td>ခံနိုင်ရည် နည်းပါးသူ အတွက် ထိခိုက်နိုင်</td><td>ကောင်း မွန်</td><td>ကောင်း မွန်</td><td>ကောင်း မွန်</td><td>ကောင်း မွန်</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူးရုံး</td><td>ထိခိုက် စေနိုင်</td><td>လက်ခံ နိုင်သော</td><td>ကောင်း မွန်</td><td>ကောင်း မွန်</td><td>ကောင်း မွန်</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင် ပုသိမ်ကြီးမြို့နယ် Myanmar Conch ဘိလပ်မြေစက်ရုံ</td><td>ထိခိုက် စေနိုင်</td><td>လက်ခံ နိုင်သော</td><td>ကောင်း မွန်</td><td>ကောင်း မွန်</td><td>ကောင်း မွန်</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူးရုံး</td><td>ကောင်း မွန်</td><td>ကောင်း မွန်</td><td>ထိခိုက် စေနိုင်</td><td>ခံနိုင်ရည် နည်းပါးသူ အတွက် ထိခိုက်နိုင်</td><td>ကောင်း မွန်</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၇</td><td>မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန</td><td>ကောင်း မွန်</td><td>ကောင်း မွန်</td><td>လက်ခံ နိုင်သော</td><td>ကောင်း မွန်</td><td>ကောင်း မွန်</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၈</td><td>မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန</td><td>လက်ခံ နိုင်သော</td><td>ကောင်း မွန်</td><td>ကောင်း မွန်</td><td>ကောင်း မွန်</td><td>ကောင်း မွန်</td><td>ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး</td><td>–</td><td>ကောင်း မွန်</td><td>ခံနိုင်ရည် နည်းပါးသူ အတွက် ထိခိုက်နိုင်</td><td>လက်ခံ နိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>မုံရွာမြို့ မြန်မာ့သစ်လုပ်ငန်း</td><td>–</td><td>ကောင်း မွန်</td><td>ထိခိုက် စေနိုင်</td><td>လက်ခံ နိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>တနင်္သာရီ တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံး</td><td colspan="5">ကောင်းမွန်</td><td>–</td></tr>
<tr><td></td><td>၂</td><td>တနင်္သာရီတိုင်း ဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး</td><td colspan="5">ကောင်းမွန်</td><td>–</td></tr>
<tr><td>၆</td><td colspan="8">ကချင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ကချင်ပြည်နယ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး</td><td colspan="5">ကောင်းမွန်</td><td>–</td></tr>
<tr><td></td><td>၂</td><td>ကချင်ပြည်နယ် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန မြစ်ကြီးနားခရိုင်ရုံး</td><td colspan="5">ကောင်းမွန်</td><td>–</td></tr>
<tr><td></td><td>၃</td><td>မြစ်ကြီးနားမြို့ အောင်ဇေရန်အောင် ဘုရား ကျောင်းဝင်း</td><td colspan="5">ကောင်းမွန်</td><td>–</td></tr>
<tr><td>၇</td><td colspan="8">ကယားပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး</td><td>–</td><td>–</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မြို့နယ်စည်ပင် သာယာရေးအဖွဲ့၊ ဘားအံမြို့</td><td>လက်ခံ နိုင်သော</td><td>ကောင်း မွန်</td><td>ကောင်း မွန်</td><td>လက်ခံ နိုင်သော</td><td>ကောင်း မွန်</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ဘားအံမြို့နယ်၊ ဖွဲကပင်တောင်</td><td>လက်ခံ နိုင်သော</td><td>ကောင်း မွန်</td><td>ကောင်း မွန်</td><td>ကောင်း မွန်</td><td>ကောင်း မွန်</td><td>ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဈေးချိုဝိုင်းအနီး မော်လမြိုင်မြို့</td><td>ခံနိုင်ရည် နည်းပါးသူ အတွက် ထိခိုက်နိုင်</td><td>ကောင်း မွန်</td><td>ကောင်း မွန်</td><td>ကောင်း မွန်</td><td>ကောင်း မွန်</td><td>–</td></tr>
<tr><td>၁၀</td><td colspan="8">ရခိုင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ရခိုင်ပြည်နယ်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးဝင်း</td><td colspan="5">ကောင်းမွန်</td><td>–</td></tr>
<tr><td></td><td>၂</td><td>စစ်တွေခရိုင်၊ ပြည်နယ်ဦးစီးမှူးရုံး၊ ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနရုံးဝင်း၊ စစ်တွေမြို့</td><td>လက်ခံ နိုင်သော</td><td>ကောင်း မွန်</td><td>ကောင်း မွန်</td><td>ကောင်း မွန်</td><td>ကောင်း မွန်</td><td>–</td></tr>
<tr><td></td><td>၃</td><td>ပေလီမြို့၊ ပေလီလမ်းဆုံ အနီးဝန်းကျင်</td><td>–</td><td>–</td><td>လက်ခံ နိုင်သော</td><td>ကောင်း မွန်</td><td>ကောင်း မွန်</td><td>–</td></tr>
<tr><td></td><td>၄</td><td>ဒွါရာဝတီ မြို့မဈေးအနီးဝန်းကျင်</td><td>–</td><td>–</td><td>လက်ခံ နိုင်သော</td><td>ကောင်း မွန်</td><td>ကောင်း မွန်</td><td>–</td></tr>
</table>

စာမျက်နှာ ၁၁ သို့ ✪

# အသုံးချခံကုလသမဂ္ဂနှင့် မြန်မာနိုင်ငံ၏ကိုယ်စားပြုမှု

**ဇာမဏီ**

(၇၇)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကို မကြာမီကျင်းပတော့မည်ဖြစ်ရာ မြန်မာနိုင်ငံ၏ကိုယ်စားပြုမှုနှင့်စပ်လျဉ်း၍ ပြည်ပဩဇာခံအဖွဲ့အစည်းအသီးသီးမှ NUG အကြမ်းဖက်အဖွဲ့ကို အသိအမှတ်ပြုရေး ဝိုင်းဝန်းလှုံ့ဆော်မှုများ ပြုလုပ်လျက်ရှိသည်။ ပြဿနာ၏အစမှာ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည့်ကိစ္စကြောင့် တပ်မတော်က နိုင်ငံတော်တာဝန်ရယူခဲ့သည့်အပေါ် အချို့သောဝန်ထမ်းများနည်းတူ နယူးယောက်မြို့ရှိအမြဲတမ်း ကိုယ်စားလှယ်တာဝန်ယူထားခဲ့သူ ကျော်မိုးထွန်းက နိုင်ငံတော်ကို သစ္စာဖောက်ဖျက်၍ ရာထူးကို အလွဲသုံးစားပြုခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ ၎င်းသည် မြန်မာနိုင်ငံကို ကိုယ်စားပြုခြင်းမရှိတော့ဘဲ နိုင်ငံတော်သစ္စာဖောက်ဖျက်မှုနှင့် တရားစွဲဆိုထားပြီး နိုင်ငံသားအဖြစ်မှလည်း ပယ်ဖျက်ထားပါသည်။ ထို့ကြောင့် မြန်မာအမြဲတမ်း ကိုယ်စားလှယ်နေရာကိုလည်းကောင်း၊ ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်မည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကိုလည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သီးသန့်တာဝန်ပေးအပ်ပြီးဖြစ်ပါသည်။ သို့ရာတွင် ပြီးခဲ့သည့်နှစ်က (၇၆)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် မြန်မာနိုင်ငံ၏ ကိုယ်စားပြုမှုအပေါ် ဆုံးဖြတ်ရန် ရွှေ့ဆိုင်းခဲ့ပါသည်။

## လုပ်နည်း Rule 29 အရ

ကုလသမဂ္ဂအထွေထွေညီလာခံ၏ လုပ်ထုံးလုပ်နည်း Rule 29 အရ ကိုယ်စားပြုမှုနှင့် စပ်လျဉ်း၍ အထွေထွေညီလာခံက ဆုံးဖြတ်ချက်မချမှတ်ရသေးမီ လက်ရှိရှိနေသည့် အမြဲတမ်းကိုယ်စားလှယ်ကို ဆက်လက်ထားရှိရန်ပါရှိသည်။ ယင်းစည်းမျဉ်းကို အကြောင်းပြု၍ ကျော်မိုးထွန်းကို ဆက်လက်ထားရှိနေခြင်းဖြစ်ပြီး ယင်းမှာ NUG အကြမ်းဖက်အဖွဲ့ကို ကုလသမဂ္ဂက အသိအမှတ်ပြုထားခြင်း မဟုတ်ပေ။

သို့ရာတွင် ကျော်မိုးထွန်းသည် NUG အကြမ်းဖက်အဖွဲ့ကို ကိုယ်စားပြုကြောင်း ကိုယ်တိုင်ပြောကြားခဲ့သလို ၎င်းအဖွဲ့က ထုတ်ပြန်သောဝါဒဖြန့်စာစောင်များနှင့် လက်ရှိလှုပ်ရှားနေသောကမ်ပိန်းများအရ တွေ့ရှိရသည်။ ယင်းမှာ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်ရွှေ့ဆိုင်းမှုကို လက်တစ်လုံးခြားပြုကာ ကုလသမဂ္ဂမျက်နှာစာအစည်းအဝေးများတွင် အစည်းအဝေးခေါင်းစဉ်နှင့် သက်ဆိုင်သည်ဖြစ်စေ မဆိုင်သည်ဖြစ်စေ မြေပြင်တွင်မရှိသော NUG အကြမ်းဖက်အဖွဲ့၏ လိုလားချက်များကို ကျော်မိုးထွန်းက သခ္ခပ်ပင်ကမီးတကျည်ကျည်ပြုနေခြင်းသာဖြစ်သည်။

## အသွင်ပြောင်းလာ

အမှန်စင်စစ်တွင် **ကုလသမဂ္ဂသည် ကမ္ဘာ့နိုင်ငံများ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများက အားကိုးအားထားပြုရသည့် အတွင်းရေးမှူးချုပ် ဦးသန့်ခေတ်ကဲ့သို့ ဘက်မလိုက်သော၊ သမာသမတ်ကျသော ကုလသမဂ္ဂ၏ခေတ်သည် ကုန်ဆုံးခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည်။** ကုလသမဂ္ဂ၏ လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်းများကို လိုသလိုအဓိပ္ပာယ်ဖွင့်ခြင်း၊ ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်များကို အင်အားကြီးနိုင်ငံများကသာ လွှမ်းမိုးခြင်းနှင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းကိုကျော်လွန်သော R2P ကဲ့သို့ နည်းလမ်းများကို အသုံးပြုခြင်းတို့ဖြင့် ကုလသမဂ္ဂသည် ဩဇာခံအဖွဲ့ကြီးအဖြစ် အသွင်ပြောင်းလာသည်မှာ အများအသိပင်ဖြစ်သည်။

NUG အကြမ်းဖက်အဖွဲ့ကိုလိုလားသူ ကျော်မိုးထွန်းသည် မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂမှ စစ်ရေးအရ အင်အားသုံးဖြေရှင်းရေး၊ R2P ဝင်ရေးနှင့် No-fly zone သတ်မှတ်ရေး စသည်တို့ကို လမ်းကြောင်းခဲ့သော နိုင်ငံတော်ကို သစ္စာဖောက်ဖျက်သူသက်သက်သာဖြစ်သည်။ နိုင်ငံအပေါ် သစ္စာစောင့်သိသော မည်သည့်နိုင်ငံမှ ပညာရှင်သံတမန်မျိုးမှ မပြုလုပ်မည့် မပြုအပ်သော ကျင့်ဝတ်ချိုးဖောက်ခဲ့ခြင်းဖြစ်သည်။ အကြောင်းမှာ ယင်းသို့သော R2P အကြောင်းပြချက်ဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ခွင့်ပြုချက်မပါဘဲ NATO မှ လစ်ဗျားနိုင်ငံကို ၂၀၁၁ ခုနှစ်တွင် စစ်ရေးအရတိုက်ခိုက်ခဲ့ခြင်းကြောင့် တစ်ချိန်ကကြွယ်ဝခဲ့သော လစ်ဗျားနိုင်ငံသည် ပဋိပက္ခများဖြင့် နစ်မြောလျက်ရှိသည်။ အကျိုးစီးပွားခြင်းမတူသော ဒေသတွင်းနိုင်ငံများနှင့် အင်အားကြီးနိုင်ငံများက နိုင်ငံအတွင်း လက်နက်ကိုင်အဖွဲ့အမျိုးမျိုးကို ကျောထောက်နောက်ခံပြုထားခြင်းဖြင့် ငြိမ်းချမ်းရေးလမ်းစပျောက်လျက်ရှိသည်။ အလားတူ အဖျက်စွမ်းအားကြီးမားသောလက်နက်များရှိသည်ဟု အကြောင်းပြု၍ အမေရိကန်တို့ဆင်နွှဲခဲ့သော အီရတ်ကျူးကျော်စစ်ကြောင့် ယနေ့တိုင်လစဉ် အရပ်သားပြည်သူ ရာဂဏန်းသေဆုံးနေရဆဲဖြစ်သည်။ ကုလသမဂ္ဂ၏ငြိမ်းချမ်းရေးတပ်ဖွဲ့များနှင့် အထူးနိုင်ငံရေးမစ်ရှင်များ စေလွှတ်ခြင်းခံရသောနိုင်ငံများတွင်လည်း ယင်းတပ်ဖွဲ့များကို ဆယ်စုနှစ်များစွာ လက်ခံထားသည့်တိုင် အခြေအနေများ ထူးခြားကောင်းမွန်လာခြင်းမရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ယင်းသို့မည်သည့်နိုင်ငံတွင်မျှ အောင်မြင်ခြင်းမရှိသည့်အပြင် နောင်မျိုးဆက်ပေါင်းများစွာကို ပဋိပက္ခ ဒုက္ခပေါင်းမျိုးစုံနှင့် ချန်ရစ်ရသည့် ကမ္ဘာ့နိုင်ငံအသီးသီး၏ နမူနာများရှိသည့်တိုင်အောင် **မြန်မာနိုင်ငံကို စစ်ရေးအရဝင်ရောက်ရန် ဖိတ်ခေါ်သူအပေါင်းမှာ နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားထက်ပုဂ္ဂိုလ်ရေးကိုးကွယ်မှုဖြင့် အလုံးစုံပျက်သုဉ်းရေးကို လိုလားသူ အမျိုးသားသစ္စာဖောက်များသာဖြစ်သည်။**

## ဘွင်းဘွင်းကြီးပေါ်

ယင်းသို့သောအတ္တမှာ တစ်စတစ်စပိုမိုထင်ရှားခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံ၏ သမိုင်းတွင် မည်သည့်အခါကမျှမရှိခဲ့သော "ရိုဟင်ဂျာ" ဆိုသည်ကို တိုင်းရင်းသားအဖြစ် အသိအမှတ်ပြု၍ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေကို ဖျက်သိမ်းရန် ပြောင်ပြောင်တင်းတင်းပြောကြားခဲ့သည့် NUG အကြမ်းဖက်အဖွဲ့၏ နိုင်ငံနှင့်လူမျိုးအပေါ် သစ္စာဖောက်မှု၊ မထောက်ထားမှုမှာလည်း ဘွင်းဘွင်းကြီးပေါ်ခဲ့ပြီဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်၏ မြန်မာနိုင်ငံရှိ မွတ်ဆလင်များဟု ခေါ်ဆိုရေးအမိန့်၏နောက်တွင် "ရိုဟင်ဂျာ" အဖြစ်အသိအမှတ်ပြုရေး အာဂျင်ဒါမှာ ဖုံးဖိမရ ပေါ်ပေါက်ခဲ့ပြီးဖြစ်သည်။ တစ်နည်းအားဖြင့် တပ်မတော်ကို ဖိအားပေးမည့်အကြောင်းအရာနှင့် အဖွဲ့အစည်း မှန်သမျှနှင့်ပေါင်း၍ ပြည်တွင်းတွင် တပ်မတော်အင်အားချည့်နဲ့စေရေးနှင့် ပြည်ပနိုင်ငံများ၏ ဩဇာခံ၍ နိုင်ငံတကာမျက်နှာစာတွင် တပ်မတော်ဂုဏ်သိက္ခာကျဆင်းပြီး ဖြိုခွဲခံရရေးကိုသာ ဦးတည်ခဲ့သည်မှာ လယ်ပြင်မှာဆင်သွားသလိုထင်ရှားစေခဲ့ပြီဖြစ်သည်။

## ရေလာမြောင်းပေး

ကျုံ့ခဲ့သော လွန်ခဲ့သော စကားနှင့်ကတိကဝတ်များအတွက် မြန်မာနိုင်ငံနှင့် ပြည်သူလူထုက မြေစာပင်ဖြစ်ရသည့်တိုင် အနောက်နိုင်ငံများမှပေးအပ်သော အထောက်အပံ့မျိုးစုံတို့နှင့်အတူ ပါရှိလာသည့် ဩဇာနှင့် ထိန်းချုပ်မှုတို့မှ ရုန်းထွက်၍မရစကောင်း။ ယခုရက်ပိုင်းအတွင်း Special Advisory Council for Myanmar(SAC-M) ဆိုသည့်အဖွဲ့က မြန်မာနိုင်ငံ၏ ကိုယ်စားပြုမှုနှင့် ဆက်နွှယ်ပြီး NUG အကြမ်းဖက်အဖွဲ့သည် မြန်မာနိုင်ငံ၌ Effective Control ရှိသဖြင့် ၎င်းကို ကုလသမဂ္ဂက အသိအမှတ်ပြုရေး ရေလာမြောင်းပေး စာတမ်းဖြစ်သည်။ အကြောင်းမှာ နိုင်ငံတစ်နိုင်ငံ၏ကိုယ်စားပြုမှုကို စဉ်းစားရာ၌ ယင်းနိုင်ငံကို ထိန်းချုပ်နိုင်စွမ်းရှိသည့်အစိုးရကို အသိအမှတ်ပြုကြောင်း ပညာရပ်ပိုင်းဆိုင်ရာစာတမ်းများက ဆိုသည်။ သို့ဖြစ်ရာ SAC-M အမည်ရှိ အဖွဲ့က **NUG အကြမ်းဖက်အဖွဲ့သည် Effective Control ရှိကြောင်း ဝါဒဖြန့်စာတမ်းထွက်ရှိလာခြင်းဖြစ်သည်။ စင်စစ်တွင် တစ်ခုတည်းသောမေးခွန်းကို ဖြေနိုင်လျှင်ပင် အဖြေသိပြီဖြစ်သည်။ ယင်းမှာ ၎င်းတို့က အစိုးရဟုခေါ်သော NUG အကြမ်းဖက်အဖွဲ့သည် မည်သည့်နေရာတွင် အခြေစိုက်သလဲ ဟူသည့်မေးခွန်း၏ အဖြေပင်ဖြစ်သည်။**

နိုင်ငံတစ်နိုင်ငံကို Effective control လုပ်နိုင်သည့်အစိုးရ မြို့တော်ကို ထိန်းချုပ်နိုင်သည့် အစိုးရသည် တရားဝင်အစိုးရဖြစ်ကြောင်း တိုင်းတာသည့် သတ်မှတ်ချက်များဖြင့် တိုင်းတာပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်သုံးရပ်လုံးကို ထိရောက်စွာကိုင်တွယ်ဆောင်ရွက်နေသည့် အစိုးရဖြစ်ကြောင်း အငြင်းပွားဖွယ်မရှိပေ။ SAC-M ဆိုသည့် အဖွဲ့၏အဆိုအရ နိုင်ငံ့နေရာအနှံ့အပြားတွင် အကြမ်းဖက်မှုများ ဖြစ်ပွားနေသဖြင့် အစိုးရကထိန်းချုပ်နိုင်စွမ်းမရှိကြောင်း လိုရာဆွဲရေးသားနေခြင်းဖြစ်သည်။ NUG အကြမ်းဖက်အဖွဲ့အနေဖြင့် ကုလသမဂ္ဂတွင်အသိအမှတ်ပြုခံရရေးအတွက် နိုင်ငံတစ်ဝန်း အကြမ်းဖက်မှုများကျူးလွန်နေကြောင်း သက်သေပြသကဲ့သို့ဖြစ်ပြီး ယင်းအဖွဲ့၏ အတ္တကို လှစ်ဟပြရာရောက်ပေသည်။ လက်တွေ့မြေပြင်တွင် အစိုးရကထိန်းချုပ်နိုင်စွမ်းမရှိခြင်း မဟုတ်သကဲ့သို့ နယ်မြေများလက်လွှတ်ရခြင်း မဟုတ်ဘဲ အကြမ်းဖက်သမားများက လက်နက်မဲ့ အရပ်သားပြည်သူများကို ပစ်မှတ်ထားလုပ်ကြံသတ်ဖြတ်သည့်ရာဇဝတ်မှုများနှင့် အကြမ်းဖက်မှုများဖြစ်ပွားနေခြင်းသာဖြစ်သည်။ နယ်မြေလက်လွှတ်ရသည့် လက်နက်ကိုင်တိုက်ပွဲများ မဟုတ်ဘဲ လက်နက်မဲ့အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်၍ အစိုးရကထိန်းချုပ်နိုင်စွမ်းမရှိကြောင်း လူပြိန်းကြိုက်သက်သေပြလိုသည့် လူစိတ်ကင်းမဲ့သူတစ်စု၏ အတ္တသာဖြစ်သည်။

လက်တွေ့၌ နိုင်ငံတစ်နိုင်ငံတွင် အစိုးရတစ်ရပ်၏တရားဝင်မှုဆိုသည်မှာ ကုလသမဂ္ဂကသော်လည်းကောင်း၊ အဖွဲ့ဝင်နိုင်ငံများကသော်လည်းကောင်း ပေးအပ်၍ရသည့်အရာမဟုတ်သကဲ့သို့ မည်သို့သောအစိုးရက တရားဝင်သည်ဆိုသည့်ပုံသေနည်းမှာ နိုင်ငံတကာဥပဒေတွင်လည်း မပါရှိချေ။ သို့ရာတွင် အများအားဖြင့် တိုင်းတာသည်မှာ SAC-M ဆိုသည့်အဖွဲ့က ပြောကြားသည့် Effective Control အယူအဆဖြစ်ကြောင်း တွေ့ရှိရသည်။ သို့ဖြစ်ရာ မည်သည့်နေရာ၌ရှိမှန်းမသိရသော လေလှိုင်းအစိုးရ NUG အကြမ်းဖက်အဖွဲ့တွင် Effective Control မည်သို့ရှိမည်ကို စာဖတ်သူများကိုယ်တိုင် အဖြေထုတ်နိုင်မည်ဖြစ်သည်။ ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံ၏ အမှန်တကယ်ကိုယ်စားပြုမှုကို နယူးယောက်မြို့တွင် မျက်စိမှိတ်ငြင်းပယ်နိုင်သည့်တိုင် မြန်မာ့မြေပြင်တွင်တော့ အချုပ်အခြာအာဏာပိုင်နိုင်ငံ တစ်နိုင်ငံထက်လျော့ပြီး ဆက်ဆံ၍မရကြောင်း မကြာသေးမီက ကုလသမဂ္ဂအေဂျင်စီများမှ ကိုယ်စားလှယ်များက တရားဝင်ခန့်အပ်လွှာပေးခြင်းများက ပြသနေသည်။ စင်စစ်တွင် ကမ္ဘာဦးမှရှိခဲ့သော ကြီးနိုင်ငယ်ညှဉ်းဝါဒ(The law of the jungle)သည် ကုလသမဂ္ဂတွင် ကွယ်ဝှက်၍မရသော အရှိတရားဖြစ်သည်။ နိုင်ငံများ၏ပြည်တွင်းရေးတွင် ဝင်ရောက်မစွက်ဖက်ရေး၊ အချုပ်အခြာအာဏာနှင့် နိုင်ငံတိုင်းအရွယ်အစားကို ပမာမထားတန်းတူရည်တူရှိရေး စသော ကုလသမဂ္ဂ၏မူနှင့် တန်ဖိုးများသည် အာဖဂန်နစ္စတန်၊ အီရတ်၊ လစ်ဗျား၊ ဆီးရီးယား၊ ယီမင် စသောနိုင်ငံများ၏ ဖြစ်စဉ်များနှင့်အတူ ကွယ်ပျောက်ခဲ့ပြီးဖြစ်သည်။ စတင်ဖွဲ့စည်းစဉ်ကပင် စစ်နိုင်နိုင်ငံများကပြဋ္ဌာန်းသော ကုလသမဂ္ဂပဋိညာဉ်စာတမ်းကိုယ်၌တွင် ဟာကွက်များဖြင့် အားကြီးသူအနိုင်ယူစတမ်း စီမံထားခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ ကုလသမဂ္ဂ၌ ဖြစ်ပေါ်နေသော မြန်မာနိုင်ငံ၏ ကိုယ်စားပြုမှုကိစ္စမှာ အစိုးရကို ဖိအားပေးသည့် **စာမျက်နှာ ၁၁ သို့ ***

- **ကုလသမဂ္ဂသည် ကမ္ဘာ့နိုင်ငံများ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများက အားကိုးအားထားပြုရသည့် အတွင်းရေးမှူးချုပ် ဦးသန့် ခေတ်ကဲ့သို့ ဘက်မလိုက်သော၊ သမာသမတ်ကျသော ကုလသမဂ္ဂ၏ခေတ်သည် ကုန်ဆုံးခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်**
- **မြန်မာနိုင်ငံကို စစ်ရေးအရဝင်ရောက်ရန်ဖိတ်ခေါ်သူအပေါင်းမှာ နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားထက် ပုဂ္ဂိုလ်ရေးကိုးကွယ်မှုဖြင့် အလုံးစုံ ပျက်သုဉ်းရေးကိုလိုလားသူ အမျိုးသားသစ္စာဖောက်များသာဖြစ်**
- **NUG အကြမ်းဖက်အဖွဲ့သည် Effective Control ရှိကြောင်း ဝါဒဖြန့်စာတမ်း ထွက်ရှိလာခြင်းဖြစ်သည်။ စင်စစ်တွင် တစ်ခုတည်းသော မေးခွန်းကို ဖြေနိုင်လျှင်ပင် အဖြေသိပြီဖြစ်သည်။ ယင်းမှာ ၎င်းတို့က အစိုးရဟုခေါ်သော NUG အကြမ်းဖက်အဖွဲ့သည် မည်သည့်နေရာတွင် အခြေစိုက်သလဲ ဟူသည့်မေးခွန်း၏ အဖြေပင်ဖြစ်**

# ပန်းတောင်းမြို့နယ်၌ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်လှစ်

**ပန်းတောင်း စက်တင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ကြိုးကြာကျေးရွာ၌ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၅ ရက်နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။

ရေးဦးစွာ ဥသျှစ်ပင်မြို့စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦး၊ အမှတ်(၉) ကာကွယ်ရေးပစ္စည်းစက်ရုံ စက်ရုံမှူး ဗိုလ်မှူးကြီး တင်မောင်ချို့နှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးမြင့်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။



ဆက်လက်၍ ကြိုးကြာကျေးရွာ အလယ်တန်း ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် အခမ်းအနားဖွင့်လှစ်ကာ စက်ရုံမှူး ဗိုလ်မှူးကြီး တင်မောင်ချို့နှင့် ဥသျှစ်ပင်မြို့စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

■



# မွန်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

**မော်လမြိုင် စက်တင်ဘာ ၁၆**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မွန်ပြည်နယ်အတွင်း ဘုန်းတော်ကြီးကျောင်းများရှိ သံဃာတော်များ ဝါတွင်းကာလ ဆွမ်းကွမ်းအဆင်ပြေစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ ၊ ဆား၊ ပဲ အမယ်လေးမျိုး ဆက်ကပ်လှူဒါန်းလျက်ရှိရာ မွန်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးညဏ်မျိုးနှင့် ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ဝဲပျံစာသင်တိုက် ဆရာတော်ကြီးထံသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ကြေးမုံ**

# ကျိုက်လတ်မြို့တွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ကျိုက်လတ် စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့ အမှတ် (၄)ရပ်ကွက် ၁၀ ဖြတ်လမ်းပေါ်ရှိ ဦးပြုံးချိုလမ်းနှင့် ကန်တော်ကြီးလမ်းကြားအပိုင်းနေရာတွင် ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်း ၃၃ ဒသမ ၀၃၆ သန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကွန်ကရစ်လမ်းအား အလျား ၉၆၅ ပေ၊ မျက်နှာ



ပြင်အကျယ် ၁၆ ပေနှင့် ဒုခြောက်လက်မဖြင့် နပိုလီယံကုမ္ပဏီက စက်တင်ဘာ ၁၂ ရက်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**၂၀၇**

✪ စာမျက်နှာ ၉ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၁ | ရှမ်းပြည်နယ် | | | | | | |
| ၁ | တာချီလိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး | – | ကောင်းမွန် | ထိခိုက်စေနိုင် | ကောင်းမွန် | – | ကောင်းမွန် |
| ၂ | လားရှိုးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး | – | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် | – | ကောင်းမွန် |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည် အသွေးရှိသည့် အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# လူသုံးကုန်ပစ္စည်းပြုလုပ်နည်းသင်တန်းဖွင့်

**ကျိုက်ထို စက်တင်ဘာ ၁၆**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သံတံတားကျေးရွာတွင် ကျေးလက်နေ ပြည်သူများအသိပညာဗဟုသုတ တိုးပွားစေရန်နှင့် မိသားစုဝင်ငွေ တိုးပွားစေရန် ရည်ရွယ်၍ လူသုံးကုန်ပစ္စည်း ပြုလုပ်နည်း သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက ကျေးရွာခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက အဖွင့်အမှာစကားနှင့် သင်တန်းဖွင့်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားခဲ့သည်။ မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။ သင်တန်းကို ငါးရက်ကြာပို့ချခဲ့ပြီး သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**၂၂၂**

# ပြင်ဦးလွင်မြို့နယ်၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

**ပြင်ဦးလွင် စက်တင်ဘာ ၁၆**

ဒေသတွင်း စားနပ်ရိပ်ကျွာဖူလုံရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ အထောက်အကူ ဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက ယနေ့နံနက်ပိုင်းတွင် အခြေခံစားသောက်ကုန်ပစ္စည်းများကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့သည်။



အဆိုပါရောင်းချပေးနေမှုများကို ပြင်ဦးလွင်တပ်နယ်မှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးပြီး ဈေးဝယ်သူ ဒေသခံပြည်သူများအား နှာခေါင်းစည်းတပ်ဆင်၍ သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများ ပေးဝေခြင်းတို့ကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မန္တလေး ဆေးတက္ကသိုလ် နောက်ဆုံးနှစ် (အပိုင်း–က)မှ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများက နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

✻ စာမျက်နှာ ၁၀ မှ

နည်းလမ်းများအနက်မှတစ်ခုဖြစ်ပြီး နိုင်ငံတကာက အသိအမှတ်မပြုခြင်းဆိုသည်ထက် နိုင်ငံကြီးများက နိုင်ငံငယ်များကို အနိုင်ကျင့်စိုးမိုးသော ဥပမာတစ်ခုဖြစ်ပါသည်။ သို့သော် အနီးစပ်ဆုံးသော ဖြစ်စဉ်များအဖြစ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့၌ စက်တင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum–2022)တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုင်ငံ၏အစိုးရအကြီးအကဲအဖြစ် ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည့်အပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏သမ္မတ မစ္စတာပူတင်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်ကို ကမ္ဘာ့မီဒီယာစာမျက်နှာများထက်တွင် အထင်အရှားတွေ့ရမည်ဖြစ်သည်။

၎င်းအပြင် Uzbekisten နိုင်ငံ Samarkand မြို့၌ စက်တင်ဘာလ ၁၅ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Shanghai Cooperation Organization–SCO)၏ (၂၂)ကြိမ်မြောက် နိုင်ငံ့အကြီးအကဲများကောင်စီ (Council of Heads of State) အစည်းအဝေးတွင် မြန်မာနိုင်ငံအား ဆွေးနွေးဖက်နိုင်ငံ(Dialogue Partner)အဖြစ် ဝင်ရောက်ခွင့်ပြုရေး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အထူးကိုယ်စားလှယ်မှ တင်သွင်းနိုင်ရေးစီမံဆောင်ရွက်နေမှုများမှာ နိုင်ငံ၏ကိုယ်စားပြုမှုကို ထင်ရှားသည့်သက်သေများပင် ဖြစ်ပါသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ယူထားသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ တရားဝင်မှုမှာ ဥပဒေအရရော လက်တွေ့မြေပြင်မှာပင် အငြင်းပွားရန်မရှိဘဲ ဩဇာပေးချင်သူ နိုင်ငံတစ်စုနှင့် ဩဇာခံအကြွင်းဖက်အဖွဲ့တို့က နိုင်ငံ့ဂုဏ်သိက္ခာကျဆင်းစေရန် ကုလသမဂ္ဂကို အသုံးချမှုတစ်ရပ်သာဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၁၈၂၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၀၅ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
## (၁၆-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၁,၈၂၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၀၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၅၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၉၀၂,၅၃၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၈,၃၀၃) ဦးရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၆၃) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၄,၉၈၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိသေဆုံးသူစုစုပေါင်း (၁၉,၄၄၄) ဦးရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၇-၉-၂၀၂၂) ရက်နေ့အထိတွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများ၏ (၈၀) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်းမရှိဘဲ (၁၅.၉) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး (၁) ကြိမ်ထိုးနှံထားပြီး (၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားရှိ၍ (၀.၁)ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေ

| ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ | | | |
|---|---|---|---|
| ၈၀ ရာခိုင်နှုန်းသည် | ၁၅.၉ ရာခိုင်နှုန်းသည် | ၄ ရာခိုင်နှုန်းသည် | ၀.၁ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝ ထိုးနှံထားခြင်း မရှိသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး (၁) ကြိမ် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြပါသည်။ |

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၇-၉-၂၀၂၂) ရက်နေ့အထိတွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများ၏ (၈၄.၁) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၄.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားရှိသူများဖြစ်ကာ (၁.၅) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများ၏ | | |
|---|---|---|
| ၈၄.၁ ရာခိုင်နှုန်းသည် | ၁၄.၄ ရာခိုင်နှုန်းသည် | ၁.၅ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/ သေဆုံးမှုတို့ကို လေ့လာသုံးသပ်ချက်အရ ကာကွယ်ဆေးထိုးနှံထားသူများတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှင့် သေဆုံးမှုကိုလျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံခြင်းဖြင့်လည်း ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုကို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၇၄၃၀၄၁၁ | ၉၃၇၀၅၂၇၉ | ၁၀၇၈၀၁၈ |
| ၂။ | အိန္ဒိယ | ၄၄၅၂၂၇၇၇ | ၄၃၉၄၇၇၅၆ | ၅၂၈၂၇၃ |
| ၃။ | ပြင်သစ် | ၃၄၈၃၁၃၉၉ | ၃၄၂၉၂၂၁၀ | ၁၅၄၆၄၄ |
| ၄။ | ဘရာဇီး | ၃၄၆၁၀၅၉၀ | ၃၃၇၀၆၂၃၁ | ၆၈၅၂၅၈ |
| ၅။ | ဂျာမနီ | ၃၂၆၄၃၇၄၂ | ၃၁၈၈၂၇၀၀ | ၁၄၈၈၄၅ |
| ၆။ | တောင်ကိုရီးယား | ၂၄၃၁၆၃၀၂ | ၂၂၉၉၉၂၉၅ | ၂၇၇၂၅ |
| ၇။ | ဗြိတိန် | ၂၃၅၈၅၃၀၅ | ၂၃၂၉၀၅၇၂ | ၁၈၉၄၈၄ |
| ၈။ | အီတလီ | ၂၂၁၁၄၄၂၃ | ၂၁၄၉၃၇၄၉ | ၁၇၆၄၆၄ |
| ၉။ | ဂျပန် | ၂၀၄၈၈၃၁၂ | ၁၉၅၁၈၂၆၇ | ၄၃၃၄၇ |
| ၁၀။ | ရုရှား | ၂၀၃၂၄၀၃၉ | ၁၉၂၉၄၈၇၆ | ၃၈၅၈၃၇ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၅၄၀၇၉ | ၁၀၅၀၈၇၃၆ | ၄၃၁၃၇ |
| ၂။ | အင်ဒိုနီးရှား | ၆၄၀၅၀၄၄ | ၆၂၁၈၇၀၈ | ၁၅၇၈၇၆ |
| ၃။ | မလေးရှား | ၄၈၁၃၇၀၂ | ၄၇၅၀၁၉၈ | ၃၆၂၉၉ |
| ၄။ | ထိုင်း | ၄၆၇၂၁၄၆ | ၄၆၂၉၃၉၆ | ၃၂၆၀၆ |
| ၅။ | ဖိလစ်ပိုင် | ၃၉၁၆၁၆၂ | ၃၈၂၇၃၂၀ | ၆၂၄၇၉ |
| ၆။ | စင်ကာပူ | ၁၈၆၉၅၉၁ | ၁၇၈၉၆၇၈ | ၁၆၀၅ |
| ၇။ | မြန်မာ | ၆၁၈၃၀၃ | ၅၉၄၉၈၄ | ၁၉၄၄၄ |
| ၈။ | ဘရူနိုင်း | ၂၂၄၆၁၀ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၅၃၂၂ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၇၅၂ | ၁၃၄၆၃၈ | ၃၀၅၆ |

## ညောင်တုန်းမြို့နယ်၌ ငါးသယံဇာတတိုးပွားရေးအတွက် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

ညောင်တုန်း စက်တင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီး၍ ငါးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး၊ ငါးသယံဇာတများရေရှည်တည်တံ့စေရေးနှင့် ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရရှိစေရေးအတွက် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ယနေ့နံနက် ၉ နာရီတွင် ဆင်ထုံးကျေးရွာအုပ်စု နတ်ဆည်ကျေးရွာရှိ ဗလန်ငူအင်းချောင်း၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးဦးမြသိန်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းဝင်း၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးလက်နေပြည်သူများ တက်ရောက်ကြပြီး ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေစုစုပေါင်း ၄၀၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ပူတင်တို့ နှစ်နိုင်ငံကိစ္စရပ်များဆွေးနွေး

**ဆာမာကန် စက်တင်ဘာ ၁၆**

နှစ်နိုင်ငံအကျိုးစီးပွားများနှင့် ပတ်သက်ပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ ခိုင်မာသော ပံ့ပိုးကူညီမှုများ မြှင့်တင်ရာတွင် ရုရှားနိုင်ငံနှင့် လက်တွဲဆောင်ရွက်သွားရန် တရုတ်နိုင်ငံ အသင့်ရှိကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ခေါင်းဆောင်နှစ်ဦးသည် ဥဇဘက်ကစ္စတန်နိုင်ငံ ဆာမာကန်မြို့ရှိ Forumlar Majmuasi Complex တွင် တွေ့ဆုံခဲ့ပြီး တရုတ်- ရုရှား ဆက်ဆံရေးနှင့် နိုင်ငံတကာနှင့်ဒေသဆိုင်ရာကိစ္စများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ယခုနှစ်စပိုင်းမှစပြီး တရုတ်နှင့် ရုရှားနှစ်နိုင်ငံသည် ထိရောက်ပြီးအကျိုးဖြစ်ထွန်းစေသည့် မဟာဗျူဟာမြောက် ဆက်ဆံရေးကို ထိန်းသိမ်းထားလျက်ရှိသည်ဟု သမ္မတရှီကျင့်ဖျင်က ပြောကြားသည်။

ယင်းသို့ဆောင်ရွက်ရာတွင် နယ်ပယ်အသီးသီးတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုသည် အရှိန်အဟုန်ကောင်းများ ရရှိလျက်ရှိကြောင်းနှင့် နိုင်ငံတကာဆက်ဆံရေး၏ အခြေခံစံနှုန်းများကို လိုက်နာရန် နှစ်နိုင်ငံသည် နိုင်ငံတကာစင်မြင့်တွင် အနီးကပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သမ္မတရှီကျင့်ဖျင်က ဆိုသည်။


ထို့ပြင် လက်ရှိဖြစ်ပေါ်လျက်ရှိသည့် ကမ္ဘာ့ပြဿနာများကို ဖြေရှင်းရာတွင် တရုတ်နိုင်ငံသည် ရုရှားနိုင်ငံနှင့်အတူ အဓိကအခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်ကြောင်း သမ္မတရှီက ဆိုသည်။

ကုန်သွယ်ရေး၊ စိုက်ပျိုးရေးနှင့် အခြားသောကဏ္ဍများတွင်လည်း တရုတ်နိုင်ငံအနေဖြင့် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတရှီက အလေးပေးပြောကြားခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီ၏ အကြိမ်(၂၀) မြောက် အမျိုးသားကွန်ဂရက်ကို အပြည့်အဝအောင်မြင်မှုရှိပါစေကြောင်း ရုရှားသမ္မတပူတင်က ဆုတောင်းခဲ့ပြီး သမ္မတ ရှီကျင့်ဖျင်၏ ခေါင်းဆောင်မှုအောက်တွင် တရုတ်နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုအောင်မြင်စေရန် ဖန်တီးနိုင်မည်ဟု ယုံကြည်ပါကြောင်း ဆက်လက်ပြောကြားသည်။

ကမ္ဘာကြီးသည် အပြောင်းအလဲများစွာကို ကြုံတွေ့နေရသော်လည်း မပြောင်းလဲသေးသော တစ်ခုတည်းသောအရာမှာ ရုရှားနှင့် တရုတ်နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်ယုံကြည်မှုပင်ဖြစ်ကြောင်း သမ္မတပူတင်က ဆိုသည်။

ရုရှားနိုင်ငံသည် တရုတ်နိုင်ငံနှင့် နှစ်နိုင်ငံဘက်စုံဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စွမ်းအင်အစရှိသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့သွားမည်ဖြစ်ကြောင်း ရုရှားသမ္မတ ပူတင်ကဆိုသည်။




**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**



# တရုတ်နိုင်ငံ ဟူနန်ပြည်နယ်၌ China Telecom အဆောက်အအုံမီးလောင်

**ပေကျင်း စက်တင်ဘာ ၁၆**

တရုတ်နိုင်ငံ ဟူနန်ပြည်နယ်မြို့တော် ချန်ရှာမြို့လယ်ရှိ အထပ်မြင့်ရုံးခန်း အဆောက်အအုံတစ်ခု ယနေ့ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီတာ ၂၀၀ ကျော် မြင့်မားသည့် ChinaTelecom အဆောက်အအုံရှိ အထပ်ပေါင်းများစွာ မီးလောင်ကျွမ်းသွားခဲ့ပြီး မီးခိုးငွေ့များ ကောင်းကင်ယံသို့ လွင့်ပျံတက်သွားခဲ့ကြောင်း နိုင်ငံပိုင်ရုပ်သံ စီစီတီဗွီက သတင်းတင်ဆက်ခဲ့သည်။

အဆိုပါမီးလောင်မှုကို ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် လူသေဆုံးမှုမရှိခဲ့ကြောင်း ဟူနန်မီးသတ်ဌာနက ဆိုသည်။

အခင်းဖြစ်ပွားရာသို့ မီးသတ်ကား ၃၆ စီးနှင့် မီးသတ်သမား ၂၈၀ ခန့် ဖြန့်ကြက်ထားပြီး မီးငြိမ်းသတ်ခဲ့ကြောင်းသိရသည်။

မီးလောင်ကျွမ်းမှု၏ အကြောင်းရင်းခံကို စုံစမ်းစစ်ဆေးလျက်ရှိပြီး ကနဦးစုံစမ်းမှုအရ ၄၂ ထပ်ရှိ အဆောက်အအုံမှ မီးစတင်လောင်ကျွမ်းခြင်း ဖြစ်ကြောင်း ဟူနန်မီးသတ်ဌာနက ဆိုသည်။

**ကိုးကား- စီအင်န်အေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည့် ကလေးငယ်ပေါင်း ၁၄ ဒသမ ၆ သန်းကျော်ရှိလာ

**ဝါရှင်တန် စက်တင်ဘာ ၁၆**

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါစတင်ကူးစက်ပျံ့နှံ့သည့်အချိန်မှစပြီး လက်ရှိအချိန်အထိ ကလေးငယ် ၁၄ ဒသမ ၆ သန်းကျော် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရကြောင်း အမေရိကန်ကလေးအထူးကု အကယ်ဒမီ နှင့် ကလေးဆေးရုံများအဖွဲ့၏ နောက်ဆုံးရကိန်းဂဏန်းများအရ သိရသည်။

ကလေးငယ် ၃၄၀၀၀၀ ကျော်သည် လွန်ခဲ့သောလအတွင်း ရောဂါကူးစက်ခံခဲ့ရခြင်းဖြစ်သည်။ ၂၀၂၂ ခုနှစ်တွင်း ရောဂါကူးစက်ခံရသည့် ကလေးငယ်ပေါင်း ၆ ဒသမ ၇ သန်း နီးပါးရှိကြောင်း သိရသည်။

လွန်ခဲ့သော ရက်သတ္တပတ်အတွင်း ကလေးငယ် ၈၃၃၀၀ ခန့် ရောဂါ ကူးစက်ခံခဲ့ရကြောင်း ကလေးဆေးရုံများအဖွဲ့၏ အစီရင်ခံစာတစ်ရပ်အရ သိရသည်။

ဗီဇပြောင်းမျိုးကွဲအသစ်များနှင့် ဆက်စပ်ပြီး ပြင်းထန်စွာနာမကျန်းဖြစ်မှုနှင့် ရေရှည်အကျိုးသက်ရောက်မှုဖြစ်နိုင်ခြေများကို စောင့်ကြည့်အကဲဖြတ်ရန် အသက်အရွယ်အလိုက် အချက်အလက်များ ပိုမိုစုဆောင်းရန် လိုအပ်သည်။

ထို့ပြင် ကလေးငယ်များ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ရေရှည်အကျိုးသက်ရောက်မှုများကို ဖော်ထုတ်ဖြေရှင်းရန် အရေးကြီးကြောင်းလည်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ၌ အုတ်တံတိုင်းနံရံတစ်ခုပြိုကျ၊ ၁၀ ဦးအနည်းဆုံးသေဆုံး

**နယူးဒေလီ စက်တင်ဘာ ၁၆**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ရုတ်တရက်ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိစဉ် နိုင်ငံမြောက်ပိုင်းရှိ ဥတ္တရပရာဒေ့ရှ်ပြည်နယ် လက်ခ်နောင်းမြို့၌ အုတ်တံတိုင်းနံရံတစ်ခုပြိုကျခဲ့ရာ ၁၀ ဦးအနည်းဆုံးသေဆုံးခဲ့ပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၁၅ ရက်ညပိုင်းတွင် အုတ်တံတိုင်းအနီးရှိ တဲအိမ်များအတွင်း အလုပ်သမားများ အိပ်ပျော်လျက်ရှိစဉ် အဆိုပါ အုတ်တံတိုင်းပြိုကျခဲ့ခြင်း ဖြစ်သည်။

အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လက်ခ်နောင်းမြို့ရှိ နေရာအများအပြား၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အဆိုပါအုတ်တံတိုင်းနံရံပြိုကျခြင်းဖြစ်သည်ဟု ရဲအရာရှိ ပီယုရှ်မော်ဒီရာက ပြောကြားသည်။ ပြိုကျပျက်စီးမှုကြောင့် သေဆုံးသူများအား ရှာဖွေ ကယ်ဆယ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ၌ အသက် ၁၀၀ နှင့်အထက် ပြည်သူဦးရေ ၉၀၀၀၀ ကျော် ပထမဆုံးအကြိမ် ရှိလာ

**တိုကျို စက်တင်ဘာ ၁၆**

ဂျပန်နိုင်ငံ၌ အသက် ၁၀၀ နှစ်နှင့်အထက် ပြည်သူဦးရေ ၉၀၀၀၀ ကျော်ရှိလာခဲ့သည်မှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်းနှင့် အဆိုပါအရေအတွက်သည် ၅၂ နှစ်ဆက်တိုက် အမြင့်ဆုံးသို့ ရောက်ရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ အသက် ၁၀၀ နှင့်အထက် ပြည်သူဦးရေ ၉၀၅၂၆ ဦးရှိပြီး အဆိုပါအရေအတွက်သည် ယမန်နှစ်ကထက် ၄၀၀၀ ခန့် ပိုမိုများပြားလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။ ၎င်းအသက်အရွယ်ရှိ ပြည်သူများအနက် ၉၀ ရာခိုင်နှုန်းနီးပါးသည် အမျိုးသမီးများဖြစ်ကြောင်း သိရသည်။

အသက် ၁၀၀ နှင့်အထက် ပြည်သူဦးရေ ၃၁၀ သာရှိခဲ့သည့် ၁၉၇၀ ပြည့်နှစ်မှစပြီး လက်ရှိအချိန်အထိ အဆိုပါအသက်အရွယ် အရေအတွက် နှစ်စဉ်များပြားလာခဲ့သည်။

အသက် ၁၁၅ နှစ်ရှိပြီဖြစ်သည့် ဂျပန်နိုင်ငံ၏ အသက်အကြီးဆုံး အဘွားအို တတ်ဆုမီဖူဆာသည် အိုဆာကာစီရင်စုတွင် နေထိုင်လျက်ရှိသည်။



အသက် ၁၁၁ နှစ်ရှိပြီဖြစ်သည့် အသက်အကြီးဆုံး ဂျပန်အဘိုးအိုမှာ နာကာမူရာ ရှီဂျီယုဖြစ်ပြီး ဟီရိုရှီးမားစီရင်စုတွင် နေထိုင်သည်။

ရှိမာနီစီရင်စု၌ ပြည်သူတစ်သိန်းလျှင် အသက် ၁၀၀ နှင့်အထက် ၁၄၂ ဦး အများဆုံးတွေ့ရှိရပြီး ကိုချိနှင့် ကာဂိုရှီမာစီရင်စုတို့တွင် ဒုတိယနှင့် တတိယအများဆုံးတွေ့ရှိရသည်။

ဆိုင်တာမာ စီရင်စုသည် လူတစ်သိန်းလျှင် အသက် ၁၀၀ နှင့်အထက် ၄၃ ဦး အနည်းဆုံးတွေ့ရှိရပြီး စီရင်စုအဆင့်သတ်မှတ်ချက်များ၏ အောက်ဆုံးနေရာတွင် ၃၃ နှစ်ဆက်တိုက် ရပ်တည်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် လာမည့်နှစ် မတ်လကုန်ပိုင်းတွင် ပြည်သူ ၄၅၀၀၀ ခန့်သည် အသက် ၁၀၀ ပြည့်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အဆိုပါပြည်သူများတွင် နိုင်ငံရပ်ခြားသို့ သွားရောက်လျက်ရှိသည့် ဂျပန်နိုင်ငံသားများအပါအဝင် ဂျပန်နိုင်ငံ၌ အမြဲတမ်းနေထိုင်ခွင့်ရှိသည့် နိုင်ငံခြားသားများလည်းပါဝင်ကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



မန္တလေးတိုင်းဒေသကြီးအတွင်း၌ ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF သင်တန်းဆင်း အလင်းဝင်ရောက်သူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်စဉ်။

## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၆**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

**တက်ရောက်**

ယနေ့နံနက်ပိုင်းတွင်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမနှင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်းခန်းမတို့၌ ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားများကို ပြုလုပ်ကြရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်အတွင်းမှ PDF အဖွဲ့ဝင် အမျိုးသား လေးဦးနှင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ခြောက်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့ အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၆**

အကြမ်းဖက် အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက် ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ကျွန်းတော(တောင်)ရပ်ကွက်နေ ထွန်းထွန်းမောင်သည် ၎င်းအသုံးပြုသည့် “Zinmin Xtet” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ ဓာတ်ခွဲစစ်ဆေးခဲ့သော အစားအသောက်နမူနာများအနက်မှ စားသုံးရန်မသင့်ဟု စစ်ဆေးတွေ့ရှိသည့် အစားအသောက်နမူနာစာရင်း

(၁၆-၉-၂၀၂၂ မှ အဆက်)

| စဉ် | အစားအသောက် အမျိုးအစား | အမှတ်တံဆိပ်နှင့် ထုပ်ပိုးပုံ အရွယ်အစား | စစ်ဆေးတွေ့ရှိမှု | ပစ္စည်းနမူနာပုံစံ | ကောက်ယူခဲ့သည့် နေရာ |
|---|---|---|---|---|---|
| ၂၁ | ဇီးသီးပေါင်း | ကံသာ ရွှေဇီးလုံးကြီး (Plastic Pack) | Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | စည်ပင်သာယာဈေး၊ မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ |
| ၂၂ | မက်မန်းသီး | ဝါလေး (Plastic Pack) | Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | စည်ပင်သာယာဈေး၊ မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ |
| ၂၃ | ပုန်းရည်ကြီး | ဝွန်းဝွန်း (Plastic Pack) | Benzoic acid သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | စည်ပင်သာယာဈေး၊ မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ |
| ၂၄ | ခေါက်မုန့်(အနီ) | ရုပ်ပုံပါ (Plastic Pack) | ခွင့်မပြုဆိုးဆေး Rhodamine B ပါဝင်နေပါသည်။ |  | စည်ပင်သာယာဈေး၊ မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ |
| ၂၅ | အောင်လံ ပုန်းရည်ကြီး | အရီးလေး (Plastic Pack) | Benzoic acid သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | စည်ပင်သာယာဈေး၊ မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ |
| ၂၆ | မက်မန်းသီး | မေပုလဲ (Plastic Pack) | Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | မြိုင်ကလေးဈေး၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။ |
| ၂၇ | သစ်သီးယို | မေပုလဲ (Plastic Pack) | Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | မြိုင်ကလေးဈေး၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။ |
| ၂၈ | သာကူချောင်း | ရွှေဒင်္ဂါး (Plastic Pack) | ခွင့်မပြုဆိုးဆေး Rhodamine B ပါဝင်နေပါသည်။ |  | မြိုင်ကလေးဈေး၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။ |
| ၂၉ | ငါးပိ | ထူးရှယ် (Plastic Bottle) | ခွင့်မပြုဆိုးဆေး Rhodamine B ပါဝင်နေပါသည်။ |   | မြိုင်ကလေးဈေး၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။ |
| ၃၀ | ယိုးဒယား ငါးပိရည် | Thailand စာသားပါ 400ml/ (Plastic Bottle) | Benzoic acid သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | မြိုင်ကလေးဈေး၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။ |
| ၃၁ | ကြက်ကြောလုံး | Thailand စာသားပါ (Plastic Pack) | Sodium Benzoate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

(ဆက်လက်ဖော်ပြပါမည်)

■ စစ်ကိုင်းတိုင်းဒေသကြီးမှ

PDF အမည်ခံ အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်လျက်ရှိကာ ဒီပဲယင်းမြို့နယ်အတွင်း အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ ဒေသခံပြည်သူလူထုနှင့် ခရီးသွားပြည်သူများကို အဓမ္မဆက်ကြေးတောင်းခံခြင်းများ ပြုလုပ်လျက်ရှိကြောင်း အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူများ၏ သတင်းပေးပို့ချက်အရ သိရှိရသဖြင့် ယနေ့တွင် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များကို အဆိုပါနေရာသို့ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်၍ အလစ်အငိုက် ဝင်ရောက်စစ်ဆေးခဲ့သည်။

**လူသားတံတိုင်းသဖွယ်အသုံးပြု**

ထိုသို့ ဝင်ရောက်စစ်ဆေးစဉ် KIA လက်နက်ကိုင်အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာသူ ကျေးရွာသားများကို လူသားတံတိုင်းသဖွယ် အသုံးပြုအကာအကွယ်ယူ၍ နေအိမ်များနှင့် ဘုန်းတော်ကြီးကျောင်းအတွင်းတို့မှ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အပြန်အလှန်ထိတွေ့မှု ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများသည် အနောက်ဘက်နှင့် အနောက်မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ ဆုတ်ခွာရာနောက်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက ထက်ကြပ်လိုက် ချေမှုန်းလျက်ရှိပြီး ဖြစ်စဉ်ဖြစ်ပွားရာ နေရာတစ်ဝိုက်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက အသေးစိတ်စစ်ဆေးခဲ့ရာ KIA လက်နက်ကိုင်အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ဆေးခန်းအတွင်း သိုဝှက်ထားသည့် လက်လုပ်မိုင်း ၁၆ လုံး၊ ရှော့တိုက်ပြောင်း ခုနစ်ခု၊ လက်လုပ် DROP BOMB ရှစ်လုံးနှင့် စကားပြောစက်တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် KIA လက်နက်ကိုင်အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာသူ ကျေးရွာသားများနှင့် နေအိမ်များကို လူသားတံတိုင်းသဖွယ် အသုံးပြုအကာအကွယ်ယူ ပစ်ခတ်ခဲ့ခြင်းကြောင့် ဒေသခံအချို့ သေဆုံး၊ ဒဏ်ရာရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး အရေးကြီးလူနာများကို နီးစပ်ရာပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

**ထိရောက်စွာအရေးယူနိုင်ရေး**

အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာသူ ကျေးရွာသားများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ကျေးရွာနေပြည်သူလူထု၏ နေအိမ်များအား ယခုကဲ့သို့ အကာအကွယ်ရယူတိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု ကျူးလွန်ရာရောက်ပြီး ထိုကဲ့သို့ ကျူးလွန်သူများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီးနှင့် သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် အုတ်ဖိုအိုင်ကျေးရွာ အနီးပတ်ဝန်းကျင် အနီးတစ်ဝိုက်တွင်လည်း PDF အမည်ခံ အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်လျက်ရှိပြီး အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ကာ ဒေသခံများကို ခြိမ်းခြောက်အကြမ်းဖက်ခြင်း၊ ဆက်ကြေးကောက်ခံခြင်းများ ပြုလုပ်လျက်ရှိကြောင်း အေးချမ်းစွာနေထိုင်လိုသည့် တာဝန်သိဒေသခံများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကင်းလှည့်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

**ဆုတ်ခွာထွက်ပြေးသွား**

ထိုသို့ စစ်ဆေးဆောင်ရွက်စဉ် PDF အမည်ခံ အကြမ်းဖက်သမား ၃၀ ခန့်နှင့် အပြန်အလှန် ထိတွေ့မှုဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ အနေဖြင့် အနောက်ဘက်သို့ အကျအဆုံးများစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားသည်။ ဆုတ်ခွာရာနောက်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက ထက်ကြပ်လိုက်ချေမှုန်းလျက်ရှိပြီး ဖြစ်စဉ်တွင် PDF အမည်ခံ အကြမ်းဖက်သမား ခုနစ်ဦးကို အသေဖမ်းဆီးရမိခဲ့ကာ လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**တန့်ဆည်မြို့နယ် အုတ်ဖိုအိုင်ကျေးရွာအနီး လုံခြုံရေးတပ်ဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ထိတွေ့မှုဖြစ်စဉ်နေရာပြပုံ**




**ဒီပဲယင်းမြို့နယ် လက်ယက်ကုန်းကျေးရွာအတွင်း ခိုအောင်းနေထိုင်၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ထိတွေ့မှုဖြစ်စဉ်နေရာပြပုံ**





(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၆ ရက်တွင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပဘုရားအတွင်း၌ တောင်ဥက္ကလာပမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဇော်လင်းနိုင် ဦးစီးတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၆ ရက်က ကလောမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးထွန်းဝင်းနှင့် ကလောမြို့မစခန်းမှူး ဒုရဲမှူးမိုးကျော်သူတို့ ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက ကလောမြို့ အမှတ်(၁၀)ရပ်ကွက်ရှိ ဂြိုဟ်ပြေရန်ပြေဘုရားဝင်း အတွင်း၊ အပြင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ အေးခိုင်(ကလော)



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၆ ရက်တွင် ဇလွန်မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဇော်ဝမ်း ဦးဆောင်ကြီးကြပ်မှုဖြင့် ဇလွန်မြို့မရဲစခန်းမှူး ဒုရဲမှူးရဲဝင်းနှင့် တပ်ဖွဲ့ဝင်များက ဇလွန်မြို့နယ် မီးပွိုင့်အနီး ဘုန်းတော်ကြီးကျောင်း(သိမ်ကျောင်း)ဝင်းအတွင်းရှိ ပေါင်းမြက်များအား စုပေါင်းရှင်းလင်းဆောင်ရွက်စဉ်။ ကြေးမုံ

○ မြန်မာ့ထွက်ကုန်မှ

တောင်သူတွေဆီကလည်း ထောပတ်သီးတွေ တစ်နှစ်ပြီးတစ်နှစ် လှိုင်လှိုင်ထွက်ရှိလာတော့မှာဖြစ်တာကြောင့် ဈေးကွက်ရရှိရေးအတွက် ချိတ်ဆက်ဆောင်ရွက်နေပါတယ်။ ၂၀၁၈ ခုနှစ်ကတည်းက ထောပတ်သီးက မြန်မာနိုင်ငံရဲ့မဟာဗျူဟာမြောက် ပြည်ပပို့ကုန်ထဲမှာ ပါဝင်ပါတယ်။ နိုင်ငံခြားမျိုးတွေ စစိုက်ကတည်းက ပြည်ပပို့ကုန်အတွက် ရည်ရွယ်တာပါ။ ဒါကြောင့် ပြည်ပဈေးကွက်ရရှိရေးကိုလည်း ကြိုးစားဆောင်ရွက်နေပါတယ်”ဟု ၎င်းက ရှင်းပြသည်။

**ချိတ်ဆက်ဆောင်ရွက်**

ယခုနှစ် ထောပတ်သီးရာသီချိန်တွင် ဝယ်ယူရန်အတွက် ဒူဘိုင်းနိုင်ငံမှ မှာယူမှုသည် ၁၅ ရက်တစ်ပတ်လျှင် တန်ချိန် ၃၀ ခန့်ပို့နိုင်ရေး ချိတ်ဆက်ဆောင်ရွက်ထားကြောင်း၊ ထို့အတူ စင်ကာပူနိုင်ငံသို့လည်း တန်ချိန် ၃၀ ခန့် တင်ပို့သွားရမည်ဖြစ်ကာ အဆိုပါ ထောပတ်သီးတင်ပို့ခြင်းကို ရာသီတစ်လျှောက်လုံး တင်ပို့သွားမည်ဖြစ်ကြောင်း၊ ယင်းနိုင်ငံများမှ အမှာရှိသလောက်ကို တင်ပို့ပေးသွားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိကြောင်း၊ ၎င်းနိုင်ငံများအပြင် အခြားနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေးကိုလည်း ချိတ်ဆက်ဆောင်ရွက်နေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



(၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အတွင်းပဒုံကျေးရွာရှိ ပဒုံပရိယတ္တိစာသင်တိုက်၌ အင်းစိန်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးငြိမ်းချမ်းအောင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးစောတင်မောင်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်း များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှ ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် အဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

# ညောင်လေးပင်မြို့၌ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ရုံးစာရေးသားနည်းသင်တန်းဖွင့်လှစ်

ညောင်လေးပင် စက်တင်ဘာ ၁၆

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ ယနေ့နံနက် ၁၀ နာရီက ရုံးစာများရေးသားရာတွင် ပိုမိုလွယ်ကူအဆင်ပြေစေရန်အတွက် ရုံးစာရေးသားနည်းသင်တန်းကိုပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီနီဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး ရုံးစာရေးသားရာတွင် စာပုံစံစနစ်ကျစေရန်နှင့် လိုအပ်သည့်အချက်အလက်များ၊ ဆောင်ရန်/ရှောင်ရန်များအား သင်တန်းပို့ချခဲ့ရာ တက်ရောက်လာသော သင်တန်းသား သင်တန်းသူများက စိတ်ပါဝင်စားစွာ လေ့လာသင်ယူခဲ့ကြသည်။

ဆက်လက်၍ သင်တန်းမှူးအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်နီနီဝင်းက တာဝန်ယူဆောင်ရွက်ခဲ့ပြီး အဆိုပါသင်တန်းအား ဌာနတွင်းဝန်ထမ်းများနှင့် စိတ်ပါဝင်စားသည့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများတက်ရောက်ခဲ့ကြောင်း သိရသည်။

**ခင်မောင်လွင်(ညောင်လေးပင်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၈၀ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၂၂၅ | ၂၂၄၅ | ၂၂၃၀ | ၂၂၁၀ | ၂၃၀၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၈၀ | ၃၁၆၀ |
| 95 Ron | ၂၂၇၀ | ၂၃၁၅ | ၂၃၁၀ | ၂၂၇၅ | ၂၃၁၀ | ၂၃၃၅ | ၂၃၂၀ | ၂၃၀၀ | ၂၃၉၅ | ၂၄၁၀ | ၂၃၀၅ | ၂၃၂၀ | ၂၃၅၀ | ၂၃၅၀ | ၂၃၅၀ | ၂၅၇၀ | ၃၂၂၀ |
| HSD (500 ppm) | ၂၅၈၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၆၂၅ | ၂၆၅၀ | ၂၆၄၅ | ၂၆၁၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၂၀ | ၂၆၃၀ | ၂၆၆၅ | ၂၆၆၅ | ၂၆၆၅ | ၂၈၈၅ | ၃၈၈၀ |
| HSD (50 ppm) | ၂၆၆၅ | ၂၇၁၅ | ၂၇၁၀ | ၂၆၇၅ | ၂၇၁၀ | ၂၇၃၅ | ၂၇၃၀ | ၂၇၀၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၀၅ | ၂၇၁၅ | ၂၇၅၀ | ၂၇၅၀ | ၂၇၅၀ | ၂၉၇၀ | ၃၉၁၅ |
| HSD (10 ppm) | ၂၆၆၅ | ၂၇၁၅ | ၂၇၁၀ | ၂၆၇၅ | ၂၇၁၀ | ၂၇၃၅ | ၂၇၃၀ | ၂၇၀၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၀၅ | ၂၇၁၅ | ၂၇၅၀ | ၂၇၅၀ | ၂၇၅၀ | ၂၉၇၀ | ၃၉၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၇၅ | ၂၁၅၀ |
| 95 Ron | ၂၁၆၁ | ၂၂၃၈ |
| HSD (500 ppm) | ၂၄၆၉ | ၂၅၄၈ |
| HSD (50 ppm) | ၂၅၅၀ | ၂၆၃၀ |
| HSD (10 ppm) | ၂၅၅၀ | ၂၆၃၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃


စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၇ -၉ -၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ် (၃၈) တွင် ပေါက်ဖတ်ဘဝမှ လှပသောလိပ်ပြာလေး၏ဘဝသို့ ရောက်ရှိလာရန် ကြားကာလ၌ ပုံစံအမျိုးမျိုး၊ အခက်အခဲအမျိုးမျိုးကို ကျော်ဖြတ်လာခဲ့ရသော ဘော်ဘော်အကြောင်းကို သရုပ်ဖော်တင်ဆက်ထားသည့် “ကိုယ်ထူးကိုယ်ချွန် လိပ်ပြာမွန်” မျက်နှာဖုံး ဇာတ်လမ်း၊ ခေတ်အဆက်ဆက် ပြောင်းလဲအသုံးပြုခဲ့သော ယပ်တောင်အကြောင်းကို ဗဟုသုတရဖွယ် တင်ဆက်ထားသည့် “ခေတ် အဆက်ဆက်ယပ်တောင်အမျိုးမျိုး” သုတဆောင်းပါး၊ သစ်စေ့ခွဲရာ၌ သူတစ်ပါးကို ဝေမျှမကျွေးချင်၍ မိမိဘာသာခွဲရာမှ သစ်စေ့ ရေထဲသို့ ကျသွားသဖြင့် မစားလိုက်ရသော စာကလေးဖိုးထွေးအကြောင်းကို တင်ဆက်ထားသည့်“စာကလေးဖိုးထွေး” နှစ်မျက်နှာကာတွန်း၊ အလုပ်တစ်ခုကို လုပ်ဆောင်ရာ၌ ဇွဲရှိရှိဖြင့် ကြိုးစားလုပ်ကိုင်ပါက အောင်မြင်မှုရရှိနိုင်ကြောင်း ကိုတင်ဆက်ထားသည့် “ကြိုးစားမှု၏ရလဒ်” ဝတ္ထု၊ မိခင်အား အသိမပေးဘဲ မိမိစိတ်ကူးဖြင့် ဆောင်ရွက်တတ်သော မိချောအကြောင်းကို တင်ဆက်ထား သည့် “မိချော- တစ်ဖွန်းတည်းပါမေမေ” တစ်မျက်နှာ ကာတွန်း၊ သူတစ်ပါး၏ကျေးဇူးကို စောင့်သိကာ မိဘနှစ်ပါးအပါအဝင် ကျေးဇူးရှင်တို့ကို ကျေးဇူးဆပ်လိုသော မောင်ချိုနှင့် မိဘပစ္စည်းကို သုံးဖြုန်းကာ အပျော်အပါးကိုသာ ဦးစားပေးတတ်သော မောင်အိုတို့ သူငယ်ချင်းနှစ်ဦးအကြောင်းကို ရေးဖွဲ့ထားသည့် “တန်ဖိုး” ပုံပြင်၊ မိဘတိုးဘွားများ၏ အလိုလိုက်ထားမှုကိုခံရသည့် ရွှေပိုးနှင့် ညီ့သည်များရှေ့တွင် ရွှေပိုး၏ အပြုအမူကြောင့်




အဘိုးအဘွားများ အခက်တွေ့ရပုံကို တင်ဆက်ထားသည့် “ရွှေပိုး-ချန်ထားဦး” နှစ်မျက်နှာကတွန်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းနေစဉ်ကာလတွင် လူတော်လူကောင်းအဖြစ် ကြိုးစားသင့်ပုံအကြောင်းကို တင်ဆက်ထားသည့် “လူတော်ဖြစ်ချင်သလား” နှစ်မျက်နှာကာတွန်း၊ ကလေးမီးဖွားခြင်းနှင့်ပတ်သက်၍ အပြန်အလှန်ပြောဆိုကြပုံ၊ သတင်းမေးပုံများနှင့် ၎င်းတို့ကို အသုံးအနှုန်းမတူဘဲ အဓိပ္ပာယ်တူပြောဆိုပုံများကို လေ့လာနိုင်ရန် ဥပမာဝါကျများနှင့်တကွ တင်ဆက်ထားသည့် ဆရာKML ၏ “ရွှေသွေးစကားဝိုင်း” အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့ အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာနက ဘုန်းတော်ကြီးကျောင်း၊ ပရဟိတကျောင်းများအား ဆန်၊ ဆီနှင့် ကုလားပဲတို့ ထောက်ပံ့လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၆**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွင်းရှိ ဝါတွင်းကာလ ဝါဆိုသံဃာတော်များ ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဘုန်းတော်ကြီးကျောင်းများတွင် ဆန်၊ ဆီ၊ ကုလားပဲတို့ကို ထောက်ပံ့ လှူဒါန်းလျက်ရှိသည်။



ထိုသို့ လှူဒါန်းလျက်ရှိရာ တာချီလိတ်ခရိုင် ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ (ခရိုင်မှူး) ဒုတိယညွှန်ကြားရေးမှူး၊ ဒေါ်ဖြူပြာခ၊ သာသနာရေးဦးစီးဌာနမှ ခရိုင်သာသနာရေးမှူး ဦးထွန်းကြည်မောင်နှင့် တာဝန်ရှိသူများက ယမန်နေ့နံနက်ပိုင်းတွင် တာချီလိတ်မြို့နယ် ဆန်ဆိုင်း(ခ) ရပ်ကွက်ရှိ ဝမ်မိုင်ဘုန်းကြီးကျောင်းသို့ ဆန်၊ ဆီ၊ ကုလားပဲတို့နှင့် အခြားလိုအပ်သော လှူဖွယ်ပစ္စည်းများ သွားရောက်ထောက်ပံ့ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မအူပင်မြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**မအူပင် စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရေလဲကလေးကျေးရွာ ဗိုလ်ချုပ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ယမန်နေ့မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**အထောက်အကူပြုမည်**

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို အရှည်ပေ ၆၅၀၊ အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မဖြင့် ရှိုင်းမင်းအောင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးသိန်းနှင့် ဝန်ထမ်းများက လမ်းအရည်အသွေး ကောင်းမွန်စေရေးနှင့် အချိန်မီပြီးစီးရေးအတွက် ကြီးကြပ်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## သာယာဝတီမြို့နယ်အတွင်း ကူးစက်ရောဂါများမှ ကာကွယ်နိုင်ရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်



**သာယာဝတီ စက်တင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ ကူးစက်ရောဂါများမှ ကာကွယ်နိုင်ရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပြည်သူ့ကျန်းမာရေးဌာနက ယနေ့နံနက် ၈ နာရီတွင် သာယာဝတီမြို့မဈေးနှင့် သုံးဆယ်မြို့မဈေးတို့၌ ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ကျန်းမာရေးဌာန ဝန်ထမ်းများ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူးများက သာယာဝတီမြို့နယ်အတွင်းရှိ နှာခေါင်းစည်းတပ်ဆင်ထားခြင်းမရှိသူ လမ်းသွားလမ်းလာ ပြည်သူများအား နှာခေါင်းစည်း အခမဲ့တပ်ဆင်ပေးခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)



## ကျောက်တံခါးမြို့နယ်၌ စည်ပင်သာယာဈေးမှ ဈေးသည်များအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေး

**ကျောက်တံခါး စက်တင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် စည်ပင်သာယာဈေးအတွင်းရှိဈေးသည်များအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့နံနက်က ကျောက်တံခါးမြို့ စည်ပင်သာယာဈေးရုံးခန်းမတွင် ထိုးနှံပေးခြင်းကို ဆောင်ရွက်ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာအဖွဲ့မှ ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးခဲ့ကြပြီး ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## သီနွီမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံရေး နှိုးဆော်

**သီနွီ စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီနွီမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်ဆေးများ ရာနှုန်းပြည့်ထိုးနှံပြီးစီးစေရန် လိုက်လံအသိပညာပေး နှိုးဆော်ခြင်းတို့ကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် သီနွီမြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇော်မိုးအောင်၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးညီညီမောင်နှင့် ဝန်ထမ်းများက သီနွီမြို့နယ်အတွင်းမှ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံကြရန်နှင့် (၆)လပြည့်တိုင်း ထပ်ဆောင်းကာကွယ်ဆေးထိုးနှံကြရန်၊ ပါးစပ်နှင့် နှာခေါင်းစည်း စနစ်တကျတပ်ဆင်ကြရန်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ကြရန်အတွက် စားသောက်ဆိုင်များ၊ ကုန်စုံဆိုင်များအား လိုက်လံအသိပညာပေး နှိုးဆော်ခဲ့ကြကြောင်း သိရသည်။

၂၁၀

## မင်းတုန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ



**မင်းတုန်း စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး အပတ်စဉ် ထိုးနှံပေးလျက်ရှိရာ ယနေ့နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံတွင် ကာကွယ်ဆေးထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

မင်းတုန်းမြို့နယ်တွင် စက်တင်ဘာ ၁၅ ရက်အထိ Community phase တွင် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး တတိယအကြိမ်ထိုးရန် အကျုံးဝင်သူ ၄၂၆၂၄ ဦးအနက် ၂၃၇၆၀ ထိုးနှံပြီးဖြစ်ပြီး စတုတ္ထအကြိမ်ထိုးရန် အကျုံးဝင်သူ ၁၄၆၈ ဦးလုံး ကာကွယ်ဆေးထိုးနှံပြီးဖြစ်သည်။ School phase တွင် တတိယအကြိမ် ကာကွယ်ဆေးထိုးနှံရန် အကျုံးဝင်သူ ၁၃၂၄ ဦးအနက် ၁၅၇၄ ဦးထိုးနှံပြီးဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မဘိမ်းမြို့၌ ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံ

**မဘိမ်း စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံထားပြီးဖြစ်သော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ကာကွယ်ဆေး ထိုးနှံဆောင်ရွက်ပေးရာတွင် မြို့နယ်အတွင်းရှိ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံထားပြီးဖြစ်သော ပြည်သူ ၁၃၅ ဦးတို့အား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ကျန်းမာရေးဝန်ထမ်းများက ဆက်လက်ထိုးနှံပေးလျက်ရှိပြီး ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရန်ကျန်ရှိသော ပြည်သူများကိုလည်း ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးသန်းဝင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများက ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မျိုးမင်း(ပြန်/ဆက်)**



## ကျိုက်လတ်မြို့နယ်တွင် ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေး

**ကျိုက်လတ် စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း မြစန္ဒီခန်းမတွင် အသက် (၁၂)နှစ်မှ (၁၈) နှစ်အထိ ကျောင်းသား ကျောင်းသူများအား ယနေ့ နံနက်ပိုင်းက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးသည့်နေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမင်းသိန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အသိပညာပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ ယနေ့တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား ကျောင်းသူ ၅၀၀ အား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးရန်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinovac ကို ထပ်ဆောင်းထိုးနှံပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကျိုင်းတုံမြို့နယ်တွင် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေး



**ကျိုင်းတုံ စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ အသက် (၁၂)နှစ်နှင့်အထက်ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးခြင်းကို စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီက အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းတွင် တာဝန်ရှိသူများက ထိုးနှံပေးသည်။

ကာကွယ်ဆေးထိုးနှံပေးခြင်းကို ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးရဲနိုင်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ စည်သူအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်းမောင်မောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုခဲ့ကြသည်။

ကျိုင်းတုံမြို့နယ်အတွင်း စက်တင်ဘာ ၁၆ ရက်အထိ အသက် (၁၂)နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူစုစုပေါင်း ၁၁၁၇ ဦးကို ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 6

အရင်အပတ်က Unit 4 Lesson 1 : Talking about your family and free time သင်ခန်းစာအကြောင်း ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Unit 4 Lesson 2: A happy family အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

**Unit 4 Lesson 2 : A happy family (ပျော်ရွှင်စရာ မိသားစု)**



- Different kinds of food (စားဖွယ်ရာ မျိုးစုံ)
- expressing likes and dislikes (ကြိုက်နှစ်သက်မှုနှင့်မကြိုက်နှစ်သက်မှုကို ဖော်ပြခြင်း)

like = ကြိုက်နှစ်သက်သည်။
love = ပိုမိုနှစ်သက်သည်။ (မြတ်နိုးသည်)
dislike = ကြိုက်နှစ်သက်မှုမရှိပါ။
hate = လုံးဝ မနှစ်သက်ပါ။

**(1) Look at the emoticons and fill in the blanks with love, like, dislike or hate. (စိတ်ခံစားမှုပြသည့် ရုပ်ပုံကိုကြည့်ပြီး love, like, dislike သို့မဟုတ် hate တို့ကို ဖြည့်ပါ။)**

1. I _____ Chinese food.
2. I _____ dogs.
3. I _____ swimming.
4. I _____ ice-cream.
5. I _____ cake.
6. I _____ chocolates.
7. I _____ Shan noodles.
8. I _____ cycling.
9. I _____ going for a walk.
10. I _____ Mohinga.

**(2) Do you love, like, dislike or hate the following food and drinks? Draw emoticons beside the pictures. (ဖော်ပြပါ အစားအစာများကို ကြိုက်နှစ်သက်ခြင်း ရှိ၊ မရှိ စိတ်ခံစားမှုပြသသည့် ရုပ်ပုံရေးဆွဲပါ။)**

1. tea  ______________
2. coffee  ______________
3. chocolates  ______________
4. coconut rice  ______________
5. fried chicken  ______________
6. fried rice  ______________
7. juice  ______________
8. doughnuts  ______________
9. milk  ______________
10. fruits  ______________

**(3) Look at the emoticons you have chosen in Exercise 2, and write a sentence for each picture. (လေ့ကျင့်ခန်း (၂) တွင် ဖော်ပြခဲ့သည့် စိတ်ခံစားမှုပြပုံများကိုကြည့်ပြီး ဝါကျများရေးဖွဲ့ပါ။)**

| | | | |
|---|---|---|---|
| 1. | I like tea. | 6. | I __________. |
| 2. | I __________. | 7. | I __________. |
| 3. | I __________. | 8. | I __________. |
| 4. | I __________. | 9. | I __________. |
| 5. | I __________. | 10. | I __________. |

**(4) Read the passage.**

My name is Zaw Lin. I live in Yangon. I am eleven years old. I am studying in Grade 6. My parents are U Aung and Daw Mya. My father is a teacher and my mother is a nurse. My younger sister is Hnin Hnin. She is studying in Grade 4. We go to the same school. My grandmother is Daw Lay Khin. She lives with us. She is my mother's mother. She loves all of us, and we all love her too. The people in my family have different likes and dislikes.

**Sports**

I really like playing football. Hnin Hnin likes playing badminton with her friends. But, sometimes, she plays table tennis with me.

**Entertainment**

My father likes watching football matches, but my mother and my grandmother like watching movies on TV. Hnin Hnin and I like listening to music. She loves hip-hop music, but I do not like it very much. I like pop music.

**Food**

My mother likes cooking and her cooking is so good. She always cooks well for us. So she usually thinks carefully about what to cook every day because we have different likes and dislikes. My father and Hnin Hnin like fish and prawns, but I don't. I like meat. My grandmother doesn't eat meat. She is a vegetarian (သက်သတ်လွတ်စားသူ). We all love vegetables. Especially, at weekends, my mother cooks delicious dishes for us, and we usually have a wonderful meal. Although we have different likes and dislikes, we never quarrel. We are a happy family.

**Answer the questions.**

1. How many people are there in Zaw Lin's family? Who are they?
2. What is Zaw Lin's father?
3. What is Zaw Lin's mother?
4. What grade is Zaw Lin in?
5. What grade is Zaw Lin's sister in?
6. What is Zaw Lin's hobby?
7. What is Hnin Hnin's hobby?
8. What kind of music does Zaw Lin like to listen to?
9. What kind of music does Zaw Lin dislike to listen to?
10. What type of food do they all like?

**(5) Tell the class what you and your family members like. (သင်နှင့် သင့်မိသားစုဝင်များ၏ ကြိုက်နှစ်သက်သောအရာများကို သူငယ်ချင်းများအား ပြောပါ။)**

e.g. I like _____.

1. My mother likes ______.
2. My father ______.
3. My sister _____.
4. ____________.
5. ______________.

*(လာမည့်အပတ်တွင် Lesson 3: Talking about habits and routines အကြောင်း ဖော်ပြပါမည်။)*

## Grade 7

အရင်အပတ်မှာ ဖော်ပြခဲ့တဲ့ ဈေးဝယ်သူနဲ့ အရောင်းစာရေးတို့ရဲ့ စကားပြောဆိုပုံအဖြေတွေကို ယခုတစ်ပတ်မှာ ဖော်ပြသွားမှာဖြစ်ပါတယ်။

**Unit 3 Lesson 1 : At the clothes shop (အင်္ကျီဆိုင်မှာ)**

(ယခင်အပတ်မှ အဆက်)

စကားပြော (၁)

Salesperson - မင်္ဂလာပါ။ ဘာများကူညီပေးရမလဲ ခင်ဗျာ။
Mingalarpar! What/How can I help you?

Buyer - ကျွန်တော် ရှပ်အင်္ကျီလိုချင်လို့ပါ။ ခင်ဗျားတို့ဆီမှာ ရောင်းသလား။
I want a shirt/ shirts. Do you sell shirts?

Salesperson - ဟုတ်ကဲ့။ ရှိပါတယ်။ လက်တိုယူမှာလား။ လက်ရှည်ယူမှာလား။ (long/short sleeve shirt)
Yes, we do. Would you like long sleeve shirt or short sleeve shirt?

Buyer - လက်ရှည်လိုချင်ပါတယ်။
I want a long sleeve shirt.

Salesperson - ဒီမှာကြည့်ပါ။ ဘယ်အဆင်ကြိုက်ပါသလဲ။
Here you are. What pattern would you like?

Buyer - ဒီအဆင်လေးကြိုက်ပါတယ်။ ဈေးက ဘယ်လောက်လဲ။
I like this pattern. How much is it?/ What is the price? /How much does it cost?

Salesperson - ၁၂၀၀၀ ကျပ်ပါခင်ဗျာ။
It is/ costs K 12000.

Buyer - ကောင်းပါပြီ။ ဒါလေးယူလိုက်ပါမယ်။
OK. I will take this one.

Salesperson - ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ်။
Yes. Thank you so much.

စကားပြော (၂)

Salesperson - မင်္ဂလာပါ။ ဘာများလိုချင်ပါသလဲ ခင်ဗျာ။
Mingalarpar! What are you looking for?

Buyer - ဦးထုပ်တစ်လုံးလောက် လိုချင်ပါတယ်။
I want a hat. Do you sell hats?

Salesperson - ဟုတ်ကဲ့။ ရှိပါတယ်။ ရော့ ဒီမှာပါ။
Yes, we do. Here you are.

Buyer - ဒီလို ဒီဇိုင်းမျိုးကို အနီရောင်ရှိပါသလား။
Do you have red colour in such design?

Salesperson - ဟုတ်ကဲ့။ ရှိပါတယ်။
Yes, I do.

Buyer - ကျွန်တော် ဝတ်ကြည့်လို့ရမလား။
Can I try this on?

Salesperson - ဟုတ်ကဲ့။ ရပါတယ်။
Of course.

Buyer - ဈေးကဘယ်လောက်လဲ ခင်ဗျာ။
How much does it cost?

Salesperson - ၃၅၀၀ ကျပ်ပါ ခင်ဗျာ။
It is/ costs K 3500.

Buyer - ဟုတ်ကဲ့။ ဒါလေး ယူပါမယ်။
OK. I will take it.

Salesperson - ကျေးဇူးတင်ပါတယ်။ နောက်လည်း လာခဲ့ပါနော်။ သူငယ်ချင်းတွေလည်း ခေါ်လာခဲ့ပါ။
Thanks for buying. Come again and bring your friends.

စကားပြော (၃)

Buyer - တစ်ဆိတ်လောက်။ ဒီမှာ ဂျက်ကက်တွေရှိလား။
Excuse me! Do you sell jackets?

Salesperson - ဟုတ်ကဲ့ရှိပါတယ်။ အပြာရောင်၊ ခဲရောင်နဲ့ အနီရောင်တွေ ရှိပါတယ်။
Yes, we do. We have blue, lead and red colours.

Buyer - အပြာရောင်လေးက လှလိုက်တာ။ ဝတ်ကြည့်ရမလား။
Oh! The blue one is so cool. Can I try this on?

Salesperson - ဟုတ်ကဲ့ရပါတယ်။ အဝတ်လဲခန်းက ဟိုမှာပါ။
Of couse. The changing room/ fitting room is over there.

Buyer - ဘယ်လိုနေလဲ။ ကျွန်တော်နဲ့လိုက်ရဲ့လား။
How do I look with this?

Salesperson - ခင်ဗျားနဲ့ တော်တော် လိုက်ပါတယ်။
It suits with you very well.

Buyer - တကယ်လား။ ဒါဘယ်လောက်တဲ့လဲ။
Really! How much is it?

Salesperson - ဒါက ၃၅၀၀၀ ကျပ်ပါ။
It costs K 35000 for each.

Buyer - ဈေးကြီးလိုက်တာ။ ၂၅၀၀၀ ကျပ်ထားလိုက်ပါ။
Oh! That's so expensive. Make it 25000 K, please.

Salesperson - ၃၀၀၀၀ ကျပ်ရပါမယ်။
I will make it 30000 K.

Buyer - ကောင်းပြီ။ ဒါလေးယူလိုက်မယ်။
OK! I will take it.

စကားပြော (၄)

Salesperson - ဘာကူညီပေးရမလဲ ခင်ဗျာ။
What can I help you?

Buyer - ဟုတ်ကဲ့။ ကျေးဇူးပြုပြီး ကျွန်တော် ဆွယ်တာတစ်ထည် လောက်လိုချင်လို့ပါ။
Yes. I want a sweater. Where can I find it, please?

Salesperson - ဝတ်ကြည့်ချင်သလား။ အဝတ်လဲခန်းက ဟိုဘက်နားမှာပါ။
Do you want to try this on? The changing room is over there.

Buyer - ဒါက ကျွန်တော်နဲ့ နည်းနည်းကျပ်နေတယ်။
It is too tight for me.

Salesperson - ဒီဟာလေးဆိုရင်ရော။
How about this?

Buyer - ဒါလေးက အတော်ပဲ။ ဈေးက ဘယ်လောက်လဲ။
It fits me. How much for this?

Salesperson - ၁၅၀၀၀ ကျပ်ပါ။
It is K 15000.

Buyer - အိုး များလိုက်တာ။ ၁၀၀၀၀ ကျပ်အတိမရဘူးလား။
Oh! So expensive. Can you make it 10000 K?

Salesperson - ဒါရောင်းဈေးပါ။
It is sale price.

Buyer - ကောင်းပါပြီ။ မယူတော့ပါဘူး။ ကျေးဇူးတင်ပါတယ်။
OK! I leave it. Thank you.

*(လာမည့်အပတ်တွင် Unit 3 Lesson 2 : Accessories you usually go for အကြောင်းဖော်ပြပါမည်)*

## Grade 8

## Unit 4

### Lesson 2: A global citizen

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. What are the duties of a good c________________?
2. Technology has turned the world into a g________village.
3. She helps in a school as a v______________ once a week.
4. I came here to ask for your c_______________.
5. A___________ is essential to survival in a changing environment.
6. Are you hungry? I will give you some f_____________.
7. The world is facing many c_____________ now.

**II. Supply the correct form of the words given in brackets.**

1. (succeed) She became _______________ at a young age.
2. (cooperate) I am asking for your full _______________.
3. (survive) They are the _____________ of the traffic accident.
4. (rapid) He walked _____________ towards me.
5. (good) I'll do my ____________ to pass the exam.
6. (donate) My mother is one of the charity's main _________.
7. (achieve) It was a great _______________.

**III. Supply the correct form of the verbs given in brackets.**

1. (create) The government ______________ more job opportunities for young people.
2. (share) We ______________ the pizza between the four of us.
3. (cooperate) They _____________ and work in groups.
4. (offer) I _____________ Soon to the Buddha every morning.
5. (learn) My sister ______________ Japanese language at present.
6. (change) The world is _____________ faster than we are.
7. (celebrate) The School Family Day __________ next month.

**IV. Answer the questions.**

1. Who are responsible to create a healthy environment?
2. On which day is World Environment Day held in Myanmar?
3. What should teenagers do to keep their towns and cities clean and green?
4. When will the world be a better place to live in?
5. How does the internet help the 21st century youths?
6. Why do the youths need to be adaptable in the 21st century?

**Reading**

**Read the passage.**

Ko Ko is a good citizen from Myanmar. He always does good things. He is kind and helpful to all his friends. He keeps his class clean. He does not throw litter in the class or in the street. Ko Ko obeys the laws. He always gives money to the poor and the needy. He does not throw his old clothes away. He gives them to charities instead. Ko Ko loves all people. He helps the elderly and respects his neighbours. He is a good boy, so he loves all humans because it is the duty of a good citizen to be kind and respectful of other people's ideas.

**Write (T) if the statement is true and (F) if the statement is false.**

1. Ko Ko is Chinese. (1) ____________
2. He is a good citizen. (2) ____________
3. He throws litter in the street. (3) ____________
4. He gives his clothes to the needy. (4) ____________
5. He keeps the class clean. (5) ____________

**Answer the questions.**

1. Why does Ko Ko obey the law?
2. What does he do to his old clothes?
3. To whom does he give his money?
4. What does Ko Ko do to the elderly?
5. Why is Ko Ko a good citizen?

Ans:

Unit 4 Lesson 2: A global citizen

I. 1.citizen; 2. global; 3. volunteer; 4. cooperation; 5. Adaptability; 6. food; 7. challenges;

II. 1.successful; 2. cooperation; 3. survivals; 4. rapidly; 5. best; 6. donors; 7. achievement;

III. 1.creates; 2. shared; 3. cooperate; 4. offer; 5. is learning; 6. changing; 7. will be celebrated;

IV. All the citizens including teenagers and adults are responsible to create a healthy environment. 2. World Environment Day is held on 5th June every year in Myanmar. 3. Teenagers should plant shady trees and not use plastic bags to keep their towns and cities clean and green. 4. The world will be a better place to live in when people all over the world are kind to one another. 5. The internet helps the 21st century youths that thanks to the internet, we can easily share information among us. 6. The youths need to be adaptable in the 21st century because we can learn new things if we know how to use ICT.

Reading

1. F 2. T 3. F 4. T 5. T

1. Ko Ko obeys the laws because he is a good citizen. 2. He gives his old clothes to charities. 3. He gives his money to the poor and the needy. 4. He helps the elderly. 5. He is a good citizen because he obeys the laws and he loves all humans.

********************

## Grade 9 (စနစ်ဟောင်း)

**ဒီတစ်ပတ်မှာတော့ Verb Form မေးခွန်းများကို ဖော်ပြသွားမှာဖြစ်ပါတယ်။**

**(ယခင်အပတ်မှ အဆက်)**

(၆) Conditional Sentence (If) လျှင်

Type (1) If V1 .., will V1… (… လျှင်.. …လိမ့်မည်)

* ယခုပစ္စုပ္ပန်ကာလမှာ ဖြစ်ပျက်တဲ့အကြောင်းအရာ ကိစ္စတစ်ခုအပေါ်မူတည်ပြီး အနာဂတ်မှာ ဘာဖြစ်မယ်၊ မဖြစ်ဘူး စသည်ဖြင့် ပြောဆိုရေးသားရာတွင် Conditional Type (1) ကို သုံးသည်။

ဥပမာ (၁) သူတို့ ကြိုးစားရင် အနိုင်ရလိမ့်မယ်။ If they try, they will win the match.

(၂) မင်းစာကြိုးစားရင် စာမေးပွဲအောင်လိမ့်မယ်။ If you try hard, you will pass the exam.

(၃) သူလာရင် ငါတို့ သွားမယ်။ If he comes, we will leave.

Type (2) If V2 …, would V1… (… လျှင် … လိမ့်မည်)

- စိတ်ကူးယဉ်ရေးဖွဲ့တဲ့ဝါကျဖြစ်ပါတယ်။ မဖြစ်နိုင်တာကို တွေးတောပြီးပြောဆိုတဲ့အခါမှာ Conditional Type (2) ကို သုံးရပါတယ်။

ဥပမာ။ ငါသာ ငှက်ကလေးတစ်ကောင်ဆိုရင် မင်းဆီပျံသန်းလာမှာပေါ့။ (တကယ်တော့ ငါက လူတစ်ယောက်ပါ။ ငှက်မဖြစ်နိုင်ပါ။ စိတ်ကူးယဉ်ပြောဆိုခြင်းသာဖြစ်ပါတယ်။)

If I were a bird, I would fly to you. (ဒီဝါကျက unrealism မဟုတ်ဝါကျဖြစ်တဲ့အတွက် Subject က ဘာပဲဖြစ်ဖြစ် verb to be ရေးတဲ့အခါ were ကိုသာ သုံးရပါတယ်။)

ဥပမာ။ ငါ့မှာသာ အတောင်ပံတွေရှိခဲ့မယ်ဆိုရင် မင်းဆီအချိန်မီလာမှာပေါ့။ (တကယ်တော့ ငါကလူတစ်ယောက်ပါ။ အတောင်ပံတွေ မရှိနိုင်ပါ။ စိတ်ကူးယဉ်ပြောဆိုခြင်းဖြစ်ပါတယ်။)

If I had wings, I would come to you in time.

ဥပမာ။ ငါသာ ဘုရင်တစ်ပါးဆိုရင် မင်းလည်း ဘုရင်မတစ်ပါးဖြစ်မှာပေါ့။ (တကယ်တော့ ငါက သာမန်လူတစ်ယောက်ပါ။ ဘုရင်တစ်ပါး မဖြစ်နိုင်ပါ။ စိတ်ကူးယဉ်ပြောဆိုခြင်းဖြစ်ပါတယ်။)

If I were a king, you would be a queen.

ဥပမာ။ ငါသာ မင်းဆိုရင် ဒီအလုပ်ကို လက်မခံဘူး။ (တကယ်တော့ ငါက မင်း မဟုတ်ဘူး။ စိတ်ကူးယဉ်သက်သက်ပြောတာ)

If I were you, I would not accept that job.

Type (3) If had V3.., would have V3… (..လုပ်ခဲ့မယ်ဆိုရင်… ပြီးဖြစ်နေမှာပေါ့)

- အတိတ်အချိန်မှာ ကိစ္စရပ်တစ်ခုကို လုပ်ဆောင်ဖို့ ပျက်ကွက်ခဲ့တယ်။ ဒါပေမယ့် အဲဒီကိစ္စရပ်ကို လုပ်ဆောင်ခဲ့မယ်ဆိုရင် တစ်ခုခုဖြစ်ပြီး ဖြစ်လိမ့်မယ်ဆိုပြီး ယခုပစ္စုပ္ပန်ကာလမှာ နောင်တရတဲ့သဘောနဲ့ ပြောဆိုရေးသားတဲ့အခါမှာ Conditional Type (3) ကို သုံးရပါတယ်။

ဥပမာ(၁) မင်းငါ့ဆီကို ဖုန်းဆက်ခဲ့မယ်ဆိုရင် ငါအချိန်မီ အရောက်လာမှာပေါ့။ (တကယ်တော့ ဖုန်းမဆက်ထားတဲ့အတွက် အချိန်မီ မရောက်နိုင်ခဲ့ဘူး။)

If you had phoned me, I would have come to you in time.

ဥပမာ (၂) မင်းသာ စာကြိုးစားခဲ့မယ်ဆိုရင် စာမေးပွဲအောင်မှာပေါ့။ (တကယ်တော့ စာမကြိုးစားခဲ့တဲ့အတွက် စာမေးပွဲမအောင်ဘူး။)

If you had tried hard, you would have passed the exam.

ဥပမာ(၃) သူသာ စာမေးပွဲအောင်ခဲ့မယ်ဆိုရင် သူ့အဖေ သူ့ကို စက်ဘီးအသစ်တစ်စီး ဝယ်ပေးပြီးဖြစ်နေပြီပေါ့။ (တကယ်တော့ သူစာမေးပွဲမအောင်ဘူး။ စာမေးပွဲအောင်ခဲ့မယ်ဆိုရင် သဘောနဲ့ ပြောခြင်းဖြစ်ပါတယ်။)

If he had passed the exam, his father would have bought a new bike for him.

********************

အထက်ပါဖြေဆိုနည်းတွေကို လေ့လာပြီးရင် Verb Form လေ့ကျင့်ခန်းများကို ဖြေဆိုပါ။

(A) Fill in the blanks with the Simple Present or Present Continuous tense of the verbs in brackets. (V1 သို့မဟုတ် am, is, are + Ving ဖြည့်စွက်ပါ။)

1. It seldom _____ (rain) here, but it _____ (rain) now.
2. It usually ___ (get) dark at about 7 o'clock, but it ___ (get) dark now.
3. Please wait for a while. My uncle ___ (have) his bath now.
4. May I borrow your eraser, or ___ you ___ (use) it now?
5. My grandpa ___ (eat) his dinner now. He always ___ (have) his dinner at 7 o'clock.
6. I ___ (like) apples. I ___ (eat) one now.
7. Mother usually ___ (cook) in the mornings. She ___ (cook) now.
8. Listen! Who ___ (call) me?
9. The wind ___ (blow) now, and I ___ (be) cold.
10. Look at the postman. He ___ (stand) at the gate. The dog ___ (bark) at him.

**Ans: 1. rains, is raining; 2. gets, is getting; 3. is having; 4. Are you using; 5. is eating, has; 6. like, am eating; 7. cooks, is cooking; 8. is calling; 9. is blowing, am; 10. is standing, is barking;**

**(B) Fill in the blanks with the Present Perfect tense of the verbs in brackets.**

1. You can eat breakfast now. I ___ (already cook) it.
2. My hands are clean. I ___ (just wash) them.
3. We are waiting for Mee Lay. She ___ (not come) here yet.
4. We ___ (wait) for almost half an hour but she ___ (not turn) up yet.
5. We ___ (never meet) him before but we ___ (hear) a lot about him.
6. He ___ (live) in this town since we were born.
7. She can't eat anything now. She ___ (just eat) some cakes.
8. I ___ (not see) her since she shifted last month.
9. He ___ (not say) a word since he came in half an hour ago.
10. We can't leave now. It ___ (just start) to rain.

**Ans: 1. have already cooked; 2. have just washed; 3. has not come; 4. have waited, has not turned; 5. Have never met, have heard; 6. has lived; 7. has just eaten; 8. have not seen; 9. has not said; 10. has just started;**

(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဣတ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၆၉ ဆူ | ၃၅၁ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ (၁) တိုင်) | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၈ တိုင် | ၁၂ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၅၀ တိုင် | ၃၀ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၈ ခု | ၅၄၄ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၄၅ ကျင်း | ၂၀၇၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၁ ကျင်း | ၁၉၇. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းကျင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၇ ကျင်း | ၅၈၉၃. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၅ ကျင်း | ၁၆၁၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | | | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၁၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
